# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် ｜ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ တနင်္လာနေ့ ｜ အတွဲ(၆၆)၊ အမှတ်(၀၁၂)


နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

သစ်တောများမှ သစ်များ၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်၊ ပျားရည်၊ မှို၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ရေကောင်းရေသန့်များ၊ ဇီဝမျိုးစုံမျိုးကွဲများစသည့် စီးပွားရေးအရ အလွန်တန်ဖိုးရှိသော ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။

## ဂန့်ဂေါမြို့၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အပူရှောင်စခန်းဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်

ဂန့်ဂေါ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အပူရှောင်စခန်းကို ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ သာသနဗိမာန်တော်ကြီးအောက်ထပ်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အပူရှောင် လာရောက်သူများအတွက် ရေ၊ လျှပ်စစ်မီး၊ ပန်ကာ၊ သောက်ရေသန့်နှင့် နေရာထိုင်ခင်းများ ပြင်ဆင်ထားပြီး သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ အနေဖြင့် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းစသည့် လက္ခဏာများဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အပူရှောင်စခန်းဖွင့်လှစ်ရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်းဦးဆောင်၍ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်နှင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာနှင့်

*စာမျက်နှာ ၃ ကော်လံ ၅* ❑





ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အား ယမန်နှစ်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့စဉ်။

## ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

သံဖြူဇရပ် အောက်တိုဘာ ၁၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားပွဲတော်ကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်အထိ ငါးရက်တိုင်တိုင် မဟာပဋ္ဌာန်းကျမ်း မြတ်ရွတ်ဖတ်ပူဇော်ပွဲ၊ အဘိဓမ္မာအခါတော်နေ့အခမ်းအနား၊ ပျော်ပွဲရွှင်ပွဲများ၊ မြန်မာဇာတ်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟအောင်ထံမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)


**ယနေ့ ဖတ် စ ရာ**

မြစ်ကြီးနားမြို့ စန်ကားယာယီနေရပ်စွန့်ခွာစခန်း၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ အသိပညာပေးဆွေးနွေး — ပြည်တွင်းသတင်း စာ ၄

သတင်းစာ နေ့စဉ်ကြည့်ရှုပါ - သတင်းထူးပါလျှင် ပြောပါလား — ဆောင်းပါး စာ ၆

နိုင်ငံအတွင်းမှ ထွက်ရှိသည့် ရော်ဘာများ ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည် — သတင်းဆောင်းပါး စာ ၁၀

တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ — သတင်းများ စာ ၁၃

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုပါသည် ... — ဆောင်းပါး စာ ၂၀


## အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားနိုင်

နေပြည်တော် အောက်တိုဘာ ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် *စာမျက်နှာ ၃ ကော်လံ ၅* ✳

## ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၁

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ယနေ့ မိုးလေဝသ (၁၂-၁၀-၂၀၂၆)

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# တစိုက်မတ်မတ် တိုက်ဖျက်သွားရမည့် တိုင်းပြည်၏အန္တရာယ် အဂတိလိုက်စားမှု

နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (Transparency International) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု အညွှန်းကိန်း (CPI)တွင် အမှတ် ၁၀၀ ၌ ၁၆ မှတ်သာ ရရှိထားပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၈၂ နိုင်ငံအနက် အဆင့် ၁၆၉ နေရာတွင် ရှိနေသည်ဟုဆိုသည်။ အဂတိလိုက်စားမှု အညွှန်းကိန်းတွင် သုညသည် အဂတိလိုက်စားမှု အများဆုံးဖြစ်ပြီး ၁၀၀ သည် အသန့်ရှင်းဆုံးကို ကိုယ်စားပြုသည်။

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုသည် ဆယ်စုနှစ်ပေါင်းများစွာ နယ်ပယ်အသီးသီး၌ နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် ပြဿနာကြီးတစ်ခု ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ထိုသို့ခိုင်မြဲစွာ အမြစ်တွယ်နေသော အဂတိလိုက်စားမှုများကို ပြည်သူတစ်ရပ်လုံးနှင့် အတူလက်တွဲ၍ တိုက်ဖျက်သွားရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ ဇွန်လအထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားစာစုစုပေါင်း ၇၀၄၅ စောင် ရောက်ရှိခဲ့ရာ အကြောင်းအရာများအနေဖြင့် အဂတိလိုက်စားကြောင်း ဖော်ပြတိုင်တန်းမှု၊ စီမံခန့်ခွဲရေး/ အုပ်ချုပ်ရေးဆိုင်ရာ လွဲမှားဆောင်ရွက်မှု၊ လယ်ယာမြေစီမံခန့်ခွဲမှု၊ တရားစီရင်မှု၊ ဌာနတွင်း/ပုဂ္ဂိုလ်ရေး မမှန်မကန်ဆောင်ရွက်မှု၊ အထွေထွေအကြောင်းအရာများ စသည်တို့ ပါဝင်ပြီး အဆိုပါတိုင်ကြားစာများကို စုံစမ်းစစ်ဆေးခြင်း၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရသို့လွှဲပြောင်းပေးပို့ခြင်း၊ ပြည်သူများထံ အကြံပြုချက်ဖြင့် အသိပေးပြန်ကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် မညီညွတ်ခြင်းကြောင့် အရေးယူဆောင်ရွက်ပေးခြင်းမပြုနိုင်သည့် တိုင်ကြားစာပေါင်း ၂၇၀၀ ကျော်ရှိခဲ့သည်။ တိုင်ကြားစာပေါင်း ၇၀၄၅ စောင်အနက် ၄၂၃ စောင် (၅၉ ဒသမ ၉ ရာခိုင်နှုန်း) ကို အရေးယူဆောင်ရွက်ပေးနိုင်ခဲ့ပြီး တိုင်ကြားစာ ၁၀၉ စောင် (၁ ဒသမ ၆ ရာခိုင်နှုန်း) ကိုမူ စိစစ်နေဆဲ ဖြစ်သည်။

အထက်ဖော်ပြပါ ကာလအတွင်း နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ ၆၆ ဦး၊ အဆင့်မြင့်အရာရှိ ၁၃ ဦး၊ အရာထမ်း ၆၈ ဦး၊ အမှုထမ်း ၁၂ ဦး၊ အခြားပုဂ္ဂိုလ် ၃၉ ဦး စုစုပေါင်း ၁၉၈ ဦးတို့ကို ရာထူးအဆင့်အလိုက် တရားစွဲဆိုအရေးယူခဲ့သည်။ အဆင့်မြင့်အရာရှိ ၅ ဦး၊ အရာထမ်း ၉၂ ဦး၊ အမှုထမ်း ၁၀၇ ဦး စုစုပေါင်း ၂၀၄ ဦးတို့ကို ဝန်ထမ်းစည်းကမ်းနှင့်အညီ အရေးယူခဲ့သည်။ တရားစွဲဆိုခဲ့သောအမှုများမှာ ရာဇဝတ်ကြီးမှု ၂၅၅ မှု၊ ရာဇဝတ်အထွေထွေမှု ၆၄ မှု၊ စုစုပေါင်း ၃၁၉ မှုရှိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် တန်ဖိုးငွေကျပ် ၁၉၈၆၉ ဒသမ ၈၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၄၃၂၈၀ ဒသမ ၀၉ ကို သိမ်းဆည်းခဲ့သည်။

အဂတိလိုက်စားမှုကျူးလွန်သူများသည် ရာထူးတာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ကိုယ်တိုင်တောင်းခံရယူခြင်းအပြင် အခြားသူတစ်ဦးဦးကိုအသုံးပြု၍ သွယ်ဝိုက်သော နည်းလမ်းဖြင့် တောင်းခံခြင်း၊ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ် စသည်တို့ကို ဝယ်ယူရာတွင် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လျော့နည်းသက်သာသော ဈေးနှုန်းများကိုပေး၍ လာဘ်ပေး/ယူမှု ကျူးလွန်ခြင်း၊ တရားမဝင်ငွေကြေးများကောက်ခြင်း၊ ကြားခံပွဲစားများမှတစ်ဆင့် လာဘ်ပေး/ယူမှု ကျူးလွန်ခြင်း၊ တံစိုးလက်ဆောင်ကို ၎င်းတို့ကိုယ်တိုင် လက်ခံခြင်းအပြင် ကိုယ်ရေးအရာရှိ၊ မိသားစုဝင်များ၏ အမည်ဖြင့် လက်ခံရယူခြင်း၊ ငွေကြေးကို တိုက်ရိုက်လက်ခံခြင်းမပြုဘဲ ပစ္စည်းများအဖြစ် ပြောင်းလဲလက်ခံခြင်း၊ နိုင်ငံရေးရာထူးကို စွန့်လွှတ်ခြင်းမပြုဘဲ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအနေဖြင့် လက်အောက်ဝန်ထမ်းထံမှ တံစိုးလက်ဆောင်တောင်းခြင်း၊ နိုင်ငံရေးရာထူးကိုစွန့်လွှတ်ခြင်းမပြုဘဲ အရေးပေါ်ရန်ပုံငွေများကို အသုံးပြု၍ ပြည်သူများကို ထောက်ပံ့ကာ မဲဆွယ်စည်းရုံးခြင်း၊ လုပ်ပိုင်ခွင့်အာဏာနှင့်ဆက်စပ်နေသောလုပ်ငန်းများထံမှ ယဉ်ကျေးမှုခလေ့ထုံးတမ်းအစဉ်အလာများကို တလွဲအသုံးပြု၍ ငွေကြေးတံစိုးလက်ဆောင်များကိုလက်ခံရယူခြင်း၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း/ စည်းကမ်း၊ မူဝါဒများကို ဖောက်ဖျက်၍ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း စသည့်နည်းလမ်းများဖြင့် အဂတိလိုက်စားမှုကို ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

ပြောင်းလဲလာသည့် အဂတိလိုက်စားမှု နည်းလမ်းများမှာ စစ်မှုထမ်းဆိုင်ရာကိစ္စများတွင် လာဘ်ငွေပေးခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ဒေသလုံခြုံရေးအရချထားသည့် စစ်ဆေးရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ အွန်လိုင်းရာဇဝတ်ဂိုဏ်းများကို လာဘ်ငွေယူ၍ ကာကွယ်ပေးထားခြင်း၊ လာဘ်ငွေယူရာတွင် သဲလွန်စမကျန်စေရန်နှင့် တရားဥပဒေကိုရှောင်ရှားနိုင်ရန် ဒီဂျစ်တယ်ငွေကြေး/တရားမဝင်ငွေလွှဲစနစ်များအသုံးပြုခြင်း၊ သဘာဝဘေးအတွက်လှူဒါန်းသည့် ငွေကြေး/ပစ္စည်းများကို အလွဲသုံးစားပြုခြင်းတို့ပါဝင်သည်။

အဂတိလိုက်စားမှုများသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍအသီးသီးကိုထိခိုက်ကျဆင်းစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်ဖြစ်ရာ အမြစ်တွယ်နေသည့် ထိုပြဿနာကြီးကို အမြစ်ပြတ်ပျောက်ကွယ်သွားသည်အထိ တစိုက်မတ်မတ် တိုက်ဖျက်သွားရပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့




**၁၁ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၁၀ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၉၅ | ၄၇၅၀ | ၄၇၀၀ | ၄၆၀၀ | ၄၇၅၀ | ၄၇၆၅ | ၄၈၀၀ | ၄၆၈၀ | ၅၀၄၅ | ၅၀၇၅ | ၄၇၀၀ | ၄၈၆၀ | ၄၇၉၀ | ၄၇၅၀ | ၄၇၆၀ | ၄၉၉၀ |
| 95 Ron | ၄၇၇၀ | ၄၉၂၅ | ၄၈၇၅ | ၄၇၈၅ | ၄၉၃၀ | ၄၉၄၀ | ၄၉၇၅ | ၄၈၅၅ | ၅၂၂၅ | ၅၂၅၀ | ၄၈၇၅ | ၅၀၅၀ | ၄၉၆၅ | ၄၉၂၅ | ၄၉၃၅ | ၅၁၆၅ |
| HSD (500 ppm) | ၄၅၈၀ | ၄၇၃၀ | ၄၆၈၅ | ၄၅၉၅ | ၄၇၃၅ | ၄၇၅၀ | ၄၇၈၀ | ၄၆၆၅ | - | ၅၀၄၅ | ၄၆၈၅ | ၅၂၂၀ | ၄၇၇၀ | ၄၇၃၀ | ၄၇၄၀ | ၄၉၆၀ |
| HSD (50 ppm) | ၅၅၇၅ | ၅၇၃၀ | ၅၆၈၅ | ၅၅၉၅ | ၅၇၃၅ | ၅၇၅၀ | ၅၇၈၅ | ၅၆၆၅ | ၆၀၃၀ | ၆၀၆၀ | ၅၆၈၅ | ၅၈၂၀ | ၅၇၇၅ | ၅၇၃၀ | ၅၇၄၅ | ၅၉၇၀ |
| HSD (10 ppm) | ၅၅၇၅ | ၅၇၃၀ | ၅၆၈၅ | ၅၅၉၅ | ၅၇၃၅ | ၅၇၅၀ | ၅၇၈၅ | ၅၆၆၅ | | ၆၀၆၀ | ၅၆၈၅ | ၅၈၂၀ | ၅၇၇၅ | ၅၇၃၀ | ၅၇၄၅ | ၅၉၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၆၇ | ၄၄၈၈ |
| 95 Ron | ၄၅၃၇ | ၄၆၆၂ |
| HSD (500 ppm) | ၄၃၇၁ | ၄၄၈၈ |
| HSD (50 ppm) | ၅၃၂၀ | ၅၄၅၇ |
| HSD (10 ppm) | ၅၃၂၀ | ၅၄၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဟန်လင်းအောင်
**စာတည်းမှူး** - ခင်ရတနာ
**စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**အကြီးတန်းသတင်းထောက်** - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မိုမို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့်အဖွဲ့
**စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**"စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် တင်ဒါအမှတ် (၅)မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၄၆၁) မှ အတွဲအမှတ် (၅၈၀) အထိကိုလည်းကောင်း၊ တင်ဒါအမှတ်(၆)မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၅၈၁)မှ အတွဲအမှတ်(၇၀၀) အထိကိုလည်းကောင်း ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။ ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး သည် ပြပွဲကျင်းပရာ ကျောက်ခင်းကွင်းနေရာအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက မိမိတို့ ကြိုက်နှစ်သက်သည့် ကျောက်အတွဲများအား တင်ဒါထည့်သွင်းနိုင်ရေး ကြည့်ရှုစစ်ဆေးနေမှုများကို လှည့်လည်အားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ပြပွဲပဉ္စမနေ့တွင်ရောင်းချမည့် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်မျက်အတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲအနက် အုပ်စု(အေ) နှင့် အုပ်စု (ဘီ) မှ ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက် မှ ၁၅ ရက်အထိ လည်းကောင်း၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။



မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှစတင်ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ဦးစွာ မမြရေလှောင်တမံ၊ အရေးပေါ်ရေပိုလွှဲကို မြေတူးစက်တစ်စီးဖြင့် ၃၁၂ ပေမှ ၃၀၇ ပေသို့ ထပ်မံနှိမ့်ချ၍ ရေလျှော့ချနိုင်ရန် ဆောင်ရွက်နေမှု၊ တမံလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေတူးစက်သုံးစီး၊ မြေထိုးစက် တစ်စီး၊ မြေသယ်ယာဉ် ခုနစ်စီးတို့ဖြင့်ဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်မှ ရေတံခါးနှစ်ပေါက်ဖြင့် ပျမ်းမျှ ၄၀၀ ကုဗပေ/ စက္ကန့်နှုန်းခန့်ဖြင့် ရေထုတ်လွှတ်နေမှု၊ တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျော့ကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်းနှင့်အတူ တမံလျော့မှုအခြေအနေ၊ ကာကွယ်ထိန်းသိမ်းမှုအခြေအနေနှင့် ရေဝါချောင်းအတွင်း ရေစီးဆင်းဝင်ရောက်မှုအခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မမြရေလှောင်တမံ မြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး မမြရေလှောင်တမံ မြေသားတာပေါင်နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့် အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများကို ဆန်ရိက္ခာများနှင့် ပြည်သူများ ကြိုတင်ရွှေ့ပြောင်းရာတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ပြည်သူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*❈ အယ်လ်နီညိုဖြစ်စဉ်မှ*

အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

*❑ ဂန့်ဂေါမြို့မှ*

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က ကြည့်ရှု၍ လိုအပ်သည်များ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



**မန္တလေး အောက်တိုဘာ ၁၁**

ပွဲကောက်ရေတံခွန်အနီး ဂဲလောင်ချောင်းကိုဖြတ်ကျော်တည်ဆောက်ထားသည့် ယခင် မူလဘေလီတံတားနေရာတွင် အကျယ် ၂၄ ပေ၊ အရှည်ပေ ၆၀ ခံနိုင်ဝန်တန် ၂၀ Steel plate girder တံတားအသစ် အဆင့်မြှင့်တင်တည်ဆောက် ပြီးစီးသဖြင့် ဖြတ်သန်းသွားလာအသုံးပြုနေမှုကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုပြီး တံတားရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**ကွင်းဆင်းကြည့်ရှုစစ်ဆေး**

ထို့နောက် ပြင်ဦးလွင်မြို့ ရပ်ကွက်(၇)တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ) အလက (၁) နှင့် ပြင်ဦးလွင်ဘူတာကြားရှိ အောင်ဇေယျလမ်းမအား ပေ ၁၅၀၀ အထိ မူလ ၂၄ ပေအကျယ်အား ပေ ၅၀ အကျယ် လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရပ်ကွက်ကြီး(၃)၌ ခရီးသွားပြည်သူများ အနားယူအပန်းဖြေရင်း အလွယ်တကူစားသောက်နိုင်ရန် သန့်ရှင်းသပ်ရပ်သည့် ပြင်ဦးလွင်မြို့ညဈေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထားမြေနေရာကို လည်းကောင်း၊ ရပ်ကွက်ကြီး(၆)ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမြေနေရာနှင့် ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်သွားမည့်အစီအစဉ်များကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ရတနာပုံမြို့သစ်စီမံကိန်းဧက ၃၀၀၀ နယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ခါတော်မီပင် ၉၀၇ ပင်နှင့် မဲဇလီပင် ၁၄၅၀ ကို နယ်နိမိတ်တစ်လျှောက် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့ စန်ကားယာယီနေရပ်စွန့်ခွာစခန်း၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ အသိပညာပေးဆွေးနွေး

**မြစ်ကြီးနား အောက်တိုဘာ ၁၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မြစ်ကြီးနားမြို့ စန်ကားယာယီနေရပ်စွန့်ခွာစခန်း၌ ယနေ့နံနက်ပိုင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို အသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးဖြစ်စဉ်များကို ကာကွယ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့က ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း သိရှိနားလည်ပြီး ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အတူ ကျရောက်လာသည့် ဘေးအန္တရာယ်အပေါ် ရင်ဆိုင်တုံ့ပြန်ရာတွင်လည်း ပြည်သူ၊ အစိုးရ ပူးပေါင်းခြင်းအားဖြင့် ထိခိုက်မှုအနည်းဆုံးနှင့် အကောင်းဆုံး ရင်ဆိုင်တုံ့ပြန်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အယ်လ်နီညိုဖြစ်ပေါ်လာပုံ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာနိုင်မှုအပေါ် အလေးထားလိုက်နာနေထိုင်ရမည့် အသိပညာများကို ဆွေးနွေးကြရာ စခန်းနေ အိမ်ထောင်စုများက သိရှိလိုသည်များ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရေပြတ်လပ်မှုမရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် စခန်းနေမိသားစုများကို ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ အယ်လ်နီညိုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် သိရှိလိုက်နာရမည့် အချက်အလက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## သရက်မြို့၌ ဆီပဲပုပ်သီးနှံ(ရေဆင်း-၁၅) မျိုးစေ့များအား အကျိုးဆောင်တောင်သူများထံ အခမဲ့ထောက်ပံ့ပေးအပ်

**သရက် အောက်တိုဘာ ၁၁**



၂၀၂၆ - ၂၀၂၇ ဆောင်းရာသီ မကွေးတိုင်းဒေသကြီး သရက်မြို့၌ ဆီပဲပုပ်တိုးချဲ့စိုက်ပျိုးရေး ဆီပဲပုပ်သီးနှံ(ရေဆင်း-၁၅)မျိုးစေ့များအား အကျိုးဆောင်တောင်သူများထံ အခမဲ့ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ပဲပုပ်မျိုးစေ့ ၁၅ တင်း၊ ဧက ၃၀ အတွက် ကျေးရွာအုပ်စုသုံးအုပ်စု၊ ကျေးရွာလေးရွာရှိ တောင်သူ ၂၈ ဦးအား ထောက်ပံ့ပေးအပ်သည်။ သရက်မြို့နယ်၌ ဆောင်းပဲပုပ်စိုက်ရန် လျာထားဧက ၇၀ အပေါ် ယခုအထိ ဌာနမှ မျိုးစေ့ဖြန့်ဖြူးမှုဖြင့် ၁၀ တင်း၊ ဧက ၂၀ စိုက်ပျိုးပြီးဖြစ်ကာ တောင်သူများလိုအပ်သော မျိုးများကိုလည်း ဆက်သွယ်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်လုလင်(သရက်)**



## သနပ်ပင်မြို့နယ်၌ မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**သနပ်ပင် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်လင်း ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့မစည်ပင်သာယာဈေးတွင် မီးဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်စေရန် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့မဈေးအကျိုးတော်ဆောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ညိုပြာ(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ နှလုံးကျန်းမာရေးစစ်ဆေး

**ပြင်ဦးလွင် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် AI ECG ဝတ်စုံစက်များ ၂၄နာရီတပ်ဆင်၍ နှလုံးကျန်းမာရေးစစ်ဆေးပေးခြင်း လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနမှ ဝန်ထမ်းများသည် ပြင်ဦးလွင်ဆေးရုံအုပ်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ ပြင်ဦးလွင်ခရိုင်အတွင်း အသက် ၄၅ နှစ်အထက်ရှိ ပြည်သူ ၅၀၀ တို့အား နှလုံးကျန်းမာရေးစစ်ဆေးပေးပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုးနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးသည်။ ထို့နောက် နှလုံးရောဂါတွေ့ရှိသူများအား မန္တလေးဆေးရုံကြီး နှလုံးရောဂါကုဌာနမှ ဌာနမှူးများက ဆက်သွယ်၍ ကုသမှုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သွေးသွေး (ပြန်/ဆက်)**

## ဇီဝမျိုးစုံ ကြွယ်စေဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့။

# နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှု လျော့ပါးရေးအပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံတည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာ ပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းအသီးသီးအား ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့(၁၆:၃၀)နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## မော်လမြိုင်မြို့၌ အခြေခံပညာမူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း(Phase 4) ဖွင့်



အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည် ၁၀၀ တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တ ဖြစ်ကြောင်း သိရှိရသည်။ **စည်သူ(ပြန်/ဆက်)**

**မော်လမြိုင် အောက်တိုဘာ ၁၁**

မွန်ပြည်နယ် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာမူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Phase 4) ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန်းဆောင်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**လက်ဆင့်ကမ်းသင်ကြားပေး**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသားသင်တန်းသူများအနေဖြင့် သင်တန်းပို့ချသည့် နည်းပြဆရာ ဆရာမများ၏ ပို့ချမှုများကို အလေးအနက်ထားပြီး သင်တန်းမှရရှိသည့် အသိပညာနှင့်ကျွမ်းကျင်မှုများကို မိမိတို့ကျောင်းတွင် ထိထိရောက်ရောက် လက်တွေ့သင်ကြားပေးကြရန်၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များအားပညာရည်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လက်ဆင့်ကမ်းသင်ကြားပေးကြရန် ပြောကြားသည်။



◆ *ကျောဖုံးမှ*

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကြို့ပင်ကောက်မြို့နယ်၌ ဆီထွက်သီးနှံနေကြာမျိုးစေ့ ပေးအပ်ပွဲကျင်းပ



**ကြို့ပင်ကောက် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပျဉ်ထောင်တွင်းကျေးရွာအုပ်စု ကြို့ပင်ဝိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နေကြာစိုက်တောင်သူများအား နေကြာမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက ဒေသတွင်းဆီဖူလုံမှုရှိရန် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ထယ်ရေးကောင်းဆောင်ရွက်ရန်၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေးအတွက် တစ်ဧကသတ်မှတ်အပင်ရေ ပြည့်မီရန်၊ အစိုဓာတ်မပျက်စေရန်၊ ရေပေးသွင်းခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ တွဲဖက်သုံးစွဲရန် တို့ကို ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆင်းရွှေကြာ-၂ နှင့် ရေဆင်းစပ် မျိုး - ၁ နေကြာမျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကြို့ပင်ကောက် မြို့နယ်၌ ၂၀၂၆ ခုနှစ် ဆောင်းသီးနှံနေကြာကို တောင်သူ ၄၉ ဦးက ဧကပေါင်း ၂၇၁ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ထားကြောင်းနှင့်စိုက်ဧကအားလုံးအတွက်မျိုးစေ့များစုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကဝမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ကဝ အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ပြည်သူများအနေဖြင့် အပူဒဏ်ကိုသတိပြုကာကွယ်နိုင်ရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ကဝမြို့ပေါ်ရှိ လူစည်ကားရာလမ်းများတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြပြီး အဆိုပါလက်ကမ်းစာစောင်တွင် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကြောင့် အပူဒဏ်အန္တရာယ် ကာကွယ်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများ၊ အပူဒဏ်ကြောင့်ရောဂါဝေဒနာခံစားရသည့်လက္ခဏာများ၊ ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည့်သူများ စသည့်အကြောင်းအရာများပါဝင်သည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

နှစ် ၂၀ တစ်ဝိုက်
အချိန်ကိုက်
တို့စိုက်ခဲ့လျှင်
အကောင်းဆုံးပင်
အခုချိန်စိုက်
နောက်မကျ
ဒုတိယအကြိမ်
အကောင်းဆုံးပ။

# သတင်းစာ နေ့စဉ်ကြည့်ရှုပါ - သတင်းထူးပါလျှင် ပြောပါလား

**သတင်းစာသည် နေ့စဉ်လူမှုဘဝတွင် ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများကို သိရှိနားလည်နိုင်ရန်၊ အသိပညာနှင့် ဗဟုသုတများ တိုးပွားစေရန်နှင့် နိုင်ငံတော်နှင့် လူမှုအသိုက်အဝန်းအကြား သတင်းအချက်အလက်စီးဆင်းမှုကို အထောက်အကူပြုသည့် အရေးပါသော မီဒီယာတစ်ရပ်ဖြစ်သည်။**

*ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)*

သတင်းစာတစ်စောင်ကို အခြေခံ၍ လေ့လာကြည့်ပါက နိုင်ငံတော်ရေးရာ၊ လွှတ်တော်ရေးရာ၊ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝ၊ စာပေနှင့် ဆောင်းပါး၊ အားကစား၊ ဒေသဆိုင်ရာသတင်း၊ အလုပ်အကိုင်နှင့် ကြော်ငြာကဏ္ဍများအပြင် ဝမ်းနည်းကြောင်းနှင့် နာရေးဆိုင်ရာ အသိပေးကြေညာချက်များအထိ စုံလင်စွာ ပါဝင်သည့် သတင်းအချက်အလက် ပလက်ဖောင်းတစ်ရပ် ဖြစ်ကြောင်း တွေ့ရသည်။

> **❝ သတင်းစာ၏တန်ဖိုးသည် သတင်းများကို စုစည်းဖော်ပြပေးနိုင်ခြင်းထက် ပိုမိုကျယ်ပြန့်သည်။ နိုင်ငံတော်ရေးရာနှင့် လွှတ်တော်ကဏ္ဍက နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကို နားလည်စေသည်။ စီးပွားရေး၊ အလုပ်အကိုင်နှင့် ကြော်ငြာကဏ္ဍက လူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအခွင့်အလမ်းများကို ချိတ်ဆက်ပေးသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝနှင့် စာပေကဏ္ဍက လူ့စွမ်းရည်နှင့် အသိပညာကို မြှင့်တင်ပေးသည် ❞**

သတင်းနှင့် သတင်းစာများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာန (Ministry of Information) www.moi.gov.mm ဝက်ဘ်ဆိုက်တွင် စုစည်းဖော်ပြထားပြီး မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar တို့ကို နေ့စဉ်ထုတ်ဝေသည့် သတင်းစာများအဖြစ် ရရှိနိုင်သည်။ ငယ်စဉ်ကလေးဘဝက နှုတ်တက်ရွရွတဖွဖွ ကျက်မှတ် ရွတ်ဆိုခဲ့ရသည့် မြန်မာဖတ်စာ အမှတ် ၁ တွင်-

မိုးစင်စင် လင်းပြီ။
ပြတင်းများ ဖွင့်ထားပါ။
သတင်းစာ နေ့စဉ်ကြည့်ရှုပါ။
သတင်းထူးပါလျှင် ပြောပါလား။

ဟူသော စကားလုံးများသည် သတင်းစာကို နေ့စဉ်အသိပညာ ရင်းမြစ်တစ်ရပ်အဖြစ် ဖတ်ရှုရန်နှင့် ရရှိသည့် သတင်းအချက်အလက်များကို အကျိုးရှိစွာ မျှဝေရန် နှိုးဆော်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာ၏ တန်ဖိုးကို သတင်းပေးပို့မှုတစ်ခုတည်းဖြင့် မကန့်သတ်ဘဲ **နိုင်ငံရေး အသိအမြင်၊ စီးပွားရေးအခွင့်အလမ်း၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ အသိပညာနှင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် မည်သို့အသုံးဝင်ကြောင်း** ကဏ္ဍအသီးသီးအလိုက် လေ့လာသင့်ပါသည်။

**၁။ နိုင်ငံတော်ရေးရာနှင့် လွှတ်တော်ကဏ္ဍ-နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကို သိရှိစေခြင်း**

သတင်းစာတွင် ပါဝင်သည့် **"နိုင်ငံတော်ရေးရာ"** နှင့် **"လွှတ်တော်"** ကဏ္ဍများသည် နိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် နိုင်ငံတော်အဆင့် ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိနားလည်နိုင်ရန် အရေးပါသောကဏ္ဍများဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင်လည်း လွှတ်တော်သတင်းများအတွက် သီးခြားသတင်းကဏ္ဍထားရှိပြီး လွှတ်တော်အစည်းအဝေးများနှင့် နိုင်ငံတော်အဆင့် ဆောင်ရွက်ချက်များကို သတင်းအဖြစ် စုစည်းဖော်ပြထားသည်။

ဤကဏ္ဍသည် သတင်းတစ်ခုကိုသာ ဖတ်ရှုစေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို နားလည်နိုင်ရန် အခြေခံသတင်းအချက်အလက်များ ပေးစွမ်းသည်။ ထို့ကြောင့် နိုင်ငံသားများ၏ နိုင်ငံရေးအသိအမြင်နှင့် နိုင်ငံသားတာဝန်သိစိတ် တိုးတက်စေရန် အရေးပါပြီး နိုင်ငံတော်၏ မူဝါဒနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ပြည်သူများနှင့် ဆက်သွယ်ပေးသည့် ပေါင်းကူးကဏ္ဍတစ်ရပ်အဖြစ် တန်ဖိုးရှိလှသည်။

ထိုကဏ္ဍ၏ အရေးပါမှုမှာ သတင်းကို တင်ပြပေးရုံမျှမက နိုင်ငံတော်နှင့် ပြည်သူအကြား သတင်းအချက်အလက် စီးဆင်းမှုကို အထောက်အကူပြုခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းကဏ္ဍသည် နိုင်ငံသားများ၏ နိုင်ငံရေးနှင့် လူမှုရေးအသိအမြင် တိုးတက်စေရန် အထောက်အကူပြုသည့် အခြေခံသတင်းရင်းမြစ်တစ်ရပ် ဖြစ်သည်။

**၂။ စီးပွားရေး၊ အလုပ်အကိုင်နှင့် ကြော်ငြာကဏ္ဍ-သတင်းစာကို အခွင့်အလမ်းရှာဖွေရေး ကိရိယာအဖြစ် အသုံးချနိုင်ခြင်း**

**"စီးပွားရေး"၊ "အလုပ်အကိုင်" နှင့် "ကြော်ငြာ"** ကဏ္ဍများသည် သတင်းစာ၏ လက်တွေ့ဘဝ အသုံးဝင်မှုကို ထင်ရှားစွာ ဖော်ပြပေးသည့်ကဏ္ဍများဖြစ်သည်။ စီးပွားရေးကဏ္ဍမှ လက်ရှိစီးပွားရေးအခြေအနေများနှင့် လုပ်ငန်းဆိုင်ရာအမြင်များကို သိရှိနိုင်သကဲ့သို့ အလုပ်အကိုင်ကဏ္ဍမှ အလုပ်ဆိုင်ရာ အခွင့်အလမ်းများကို ရှာဖွေနိုင်သည်။ သတင်းစာသည် သတင်းဖတ်ရှုရန်သာမက **အခွင့်အလမ်းရှာဖွေရန် အသုံးချနိုင်သည့် လက်တွေ့ဘဝ အထောက်အကူပြု မီဒီယာ**တစ်ရပ်လည်း ဖြစ်လာသည်။

ကြော်ငြာကဏ္ဍသည်လည်း ထုတ်ကုန်၊ဝန်ဆောင်မှုလုပ်ငန်းနှင့် အများပြည်သူသိရှိသင့်သည့် အချက်အလက်များကို ထုတ်ဖော်ဆက်သွယ်ပေးသည့် စီးပွားရေး ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်သည်။ သတင်းစာများတွင်လည်း ကြော်ငြာများနှင့် သတင်းစာဝယ်ယူနိုင်ရန် ဆက်သွယ်ရန် အချက်အလက်များကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ကြော်ငြာသည် သတင်းစာ၏ ဝင်ငွေသဘောတရားတစ်ခုတည်း မဟုတ်ဘဲ **ဝယ်သူနှင့် ရောင်းသူ၊ ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုလိုအပ်သူ၊ အလုပ်ရှင်နှင့် အလုပ်ရှာဖွေသူတို့ကို ဆက်သွယ်ပေးသည့် လူမှုစီးပွားရေး ပေါင်းကူး**တစ်ရပ်အဖြစ်လည်း အရေးပါသည်။ အထူးသဖြင့် လုပ်ငန်းရှင်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ အလုပ်ရှာဖွေနေသူများနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို စိတ်ဝင်စားသူများအတွက် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေရှိသော သတင်းအချက်အလက်များ ရရှိနိုင်ခြင်းသည် အလွန်တန်ဖိုးရှိသည်။

ယနေ့စီးပွားရေးအခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေသည့်အချိန်တွင် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရရှိနိုင်ခြင်းသည် တစ်ဦးချင်းနှင့် လုပ်ငန်းများအတွက် ဆုံးဖြတ်ချက်ချရာတွင် အရေးပါသော အခြေခံအချက်တစ်ရပ် ဖြစ်သည်။

**၃။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝနှင့် စာပေ ဆောင်းပါးကဏ္ဍ-လူ့စွမ်းရည်နှင့် လူမှုဘဝ အရည်အသွေးကို မြှင့်တင်ခြင်း**

**"ပညာရေး"၊ "ကျန်းမာရေး"၊ "လူမှုဘဝ"၊ "စာပေ"နှင့် "ဆောင်းပါး"** ကဏ္ဍများသည် သတင်းစာ၏ ပညာပေးတန်ဖိုးကို ထင်ရှားစေသည်။ သတင်းကဏ္ဍများက လက်ရှိဖြစ်ရပ်များကို သိရှိစေသော်လည်း ဆောင်းပါးနှင့် ပညာပေးကဏ္ဍများက အကြောင်းအရာတစ်ခုကို ပိုမိုနက်ရှိုင်းစွာ နားလည်သုံးသပ်နိုင်ရန် အထောက်အကူပြုသည်။

Ministry of Information ၏ ဝက်ဘ်ဆိုက်တွင်လည်း သီးခြား **"ဆောင်းပါး"** ကဏ္ဍထားရှိပြီး လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများကို ဆောင်းပါးပုံစံဖြင့် ဖော်ပြထားသည်။ ထို့ပြင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုဘဝအရည်အသွေး မြှင့်တင်ရေးအတွက် တိုက်ရိုက်အသုံးဝင်သည်။ စာပေနှင့် ဘာသာစကားကဏ္ဍများက စာဖတ်သူ၏ ဝေါဟာရ၊ စာဖတ်စွမ်းရည်နှင့် အတွေးအမြင်ကို တိုးတက်စေသည့် တန်ဖိုးရှိသည်။

ထို့ကြောင့် ဤကဏ္ဍများသည် နေ့စဉ်သတင်းများကို သိရှိစေရုံမက **လူတစ်ဦး၏ အသိပညာနှင့် အတွေးအမြင်ကို တဖြည်းဖြည်း တည်ဆောက်ပေးနိုင်သည့် ပညာရေးဆိုင်ရာ မီဒီယာကဏ္ဍများ**ဖြစ်သည်။ သတင်းစာသည် **သတင်းဖတ်ရန်နေရာသာမက နေ့စဉ်လေ့လာသင်ယူနိုင်သည့် စာသင်ခန်းတစ်ခန်း**ကဲ့သို့လည်း အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝလိုအပ်ချက်များကို ထိတွေ့ သိရှိနိုင်ခြင်းကြောင့် ယင်းကဏ္ဍများ၏ ခေတ်မီအသုံးဝင်မှုမှာ အထူးမြင့်မားသည်။

**၄။ နိုင်ငံတကာသတင်းနှင့် အားကစားကဏ္ဍ-ပြည်တွင်းမှ ကမ္ဘာ့အမြင်သို့ ချဲ့ထွင်ပေးခြင်း**

**"နိုင်ငံတကာသတင်း"** နှင့် **"အားကစား"** ကဏ္ဍများသည် စာဖတ်သူများ၏အမြင်ကို ပြည်တွင်းအခြေအနေမှ ကမ္ဘာ့အခြေအနေအထိ ချဲ့ထွင်ပေးသည်။ နိုင်ငံတကာသတင်းများမှတစ်ဆင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲများကို သိရှိနိုင်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဖြစ်ရပ်များသည် အခြားနိုင်ငံများနှင့် မည်သို့ဆက်စပ်နေကြောင်း နားလည်နိုင်သည်။

အားကစားကဏ္ဍသည်လည်း ပြိုင်ဆိုင်မှု၊ စည်းကမ်း၊ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုတို့၏ တန်ဖိုးများကို ဖော်ဆောင်ပေးနိုင်သည့်အပြင် လူငယ်များနှင့် အားကစားဝါသနာရှင်များအတွက် စိတ်ဝင်စားဖွယ် သတင်းအချက်အလက်များ ပေးစွမ်းသည်။ ထို့ကြောင့် ယင်းကဏ္ဍများသည် သတင်းစာကို **"ပြည်တွင်းကို သိရှိရန်သာမက ကမ္ဘာကြီးကို နားလည်ရန် ဖွင့်ပေးထားသည့် ပြတင်းပေါက်"** တစ်ရပ်အဖြစ် ပိုမိုတန်ဖိုးရှိစေသည်။

**၅။ ဒေသဆိုင်ရာသတင်း၊ နာရေးနှင့် လူမှုရေးကြေညာချက်များ-လူထုဘဝ၏ အသံနှင့် မှတ်တမ်း**

**"ဒေသဆိုင်ရာသတင်း"၊ "လူမှုရေးသတင်း"၊ "နာရေးနှင့် ဝမ်းနည်းကြောင်း ကြေညာချက်များ"** သည် သတင်းစာ၏ လူမှုရေးအခန်းကဏ္ဍကို အထူးထင်ရှားစေသောကဏ္ဍများ ဖြစ်သည်။ ဒေသဆိုင်ရာသတင်းများသည် ရပ်ရွာအတွင်း ဖြစ်ပေါ်နေသော အခြေအနေများကို အများပြည်သူ သိရှိစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် လူထုဘဝအခြေအနေများကို ပိုမိုနားလည်စေသည်။

ထို့ပြင် **နာရေးသတင်းနှင့် ဝမ်းနည်းကြောင်း ကြေညာချက်များသည် သာမန်သတင်းအချက်အလက်ထက် ပိုမိုနက်ရှိုင်းပြီး လူမှုတန်ဖိုးရှိသည်။** ယင်းတို့မှတစ်ဆင့် ကွယ်လွန်သူများအား ဂုဏ်ပြုမှတ်တမ်းတင်ခြင်း မိသားစုနှင့် ဆွေမျိုးများ၏ ဝမ်းနည်းမှုကို လူမှုအသိုက်အဝန်းက အတူတကွ မျှဝေခြင်းနှင့် သက်ဆိုင်သူများထံ အချိန်မီအသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အလားတူ သတင်းစာတွင် နေ့စဉ်ဘဝနှင့် သက်ဆိုင်သည့် ကြေညာချက်များ၊ လူမှုရေးအချက်အလက်များ ပါဝင်ခြင်းသည်လည်း လူထုအကြား ဆက်သွယ်မှုကို ခိုင်မာစေသည်။ အဆိုပါကဏ္ဍများကြောင့် သတင်းစာသည် **ဖြစ်ရပ်များကို မှတ်တမ်းတင်ပေးသည့် မီဒီယာသာမက လူသားတို့၏ ဝမ်းမြောက်မှု၊ ဝမ်းနည်းမှုနှင့် လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်ရိုင်းပင်းမှုတို့ကို ထိန်းသိမ်းပေးသည့် လူမှုမှတ်တမ်း**တစ်ရပ်လည်း ဖြစ်သည်။

ထို့ပြင် အထွေထွေဗဟုသုတ၊ အလုပ်အကိုင်၊ လူမှုဘဝနှင့် စာဖတ်သူ၏ နေ့စဉ်လိုအပ်ချက်များနှင့် သက်ဆိုင်သော အချက်အလက်များ ပါဝင်ခြင်းကြောင့် သတင်းစာသည် **လူထုဘဝနှင့် အနီးကပ်ဆုံး ဆက်သွယ်ပေးနိုင်သည့် နေ့စဉ်အသိပညာအရင်းမြစ်** တစ်ရပ်အဖြစ် တန်ဖိုး ရှိလှသည်။

## သတင်းစာ၏ တန်ဖိုး

သတင်းစာ၏တန်ဖိုးသည် သတင်းများကိုစုစည်းဖော်ပြပေးနိုင်ခြင်းထက် ပိုမိုကျယ်ပြန့်သည်။ **နိုင်ငံတော်ရေးရာနှင့် လွှတ်တော်ကဏ္ဍ**က နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကို နားလည်စေသည်။ **စီးပွားရေး၊ အလုပ်အကိုင်နှင့် ကြော်ငြာကဏ္ဍ**က လူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအခွင့်အလမ်းများကို ချိတ်ဆက်ပေးသည်။ **ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝနှင့် စာပေကဏ္ဍ**က လူ့စွမ်းရည်နှင့် အသိပညာကို မြှင့်တင်ပေးသည်။

**နိုင်ငံတကာနှင့် အားကစားကဏ္ဍ**က ကမ္ဘာနှင့် ချိတ်ဆက်ပေးပြီး **ဒေသဆိုင်ရာ၊ နာရေးနှင့် လူမှုရေးကဏ္ဍ**က လူထု၏ နေ့စဉ်ဘဝ၊ ခံစားချက်နှင့် လူမှုဆက်ဆံရေးတို့ကို မှတ်တမ်းတင်ပေးသည်။ ထို့ကြောင့် သတင်းစာသည် နိုင်ငံတော်၏ သတင်းအချက်အလက်စနစ်အတွင်း အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သကဲ့သို့ **အသိပညာရှိသော နိုင်ငံသားများ ပေါ်ထွန်းလာရေး၊ လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်နားလည်မှု မြင့်မားလာရေးနှင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် အခြေခံမီဒီယာတစ်ရပ်** ဖြစ်သည်။

Ministry of Information ၏ သတင်းစာများနှင့် အွန်လိုင်းသတင်းပလက်ဖောင်းများသည် သတင်းအချက်အလက်များကို စုစည်းပေးနေကြောင်း တရားဝင် အရင်းအမြစ်များတွင် တွေ့ရသည်။ ထို့ကြောင့် ငယ်စဉ်ကလေးဘဝက နှုတ်တက်ရွရွတဖွဖွ ကျက်မှတ် ရွတ်ဆိုခဲ့ရသည့်-

မိုးစင်စင် လင်းပြီ။
ပြတင်းများ ဖွင့်ထားပါ။
သတင်းစာ နေ့စဉ်ကြည့်ရှုပါ။
သတင်းထူးပါလျှင် ပြောပါလား။

ဟူသော စကားရပ်သည် သတင်းစာဖတ်ရန် နှိုးဆော်သည့် စကားရပ်တစ်ခုသာ မဟုတ်ဘဲ **အသိပညာ၏ ပြတင်းပေါက်ကို နေ့စဉ်ဖွင့်ထားရန်၊ အလင်းရောင်နှင့်အတူ အသိပညာကို ဖွင့်လှစ်လက်ခံရန်၊ သတင်းအချက်အလက်ကို သိရှိနားလည်ရန်၊ သိရှိသမျှကို အကျိုးရှိစွာ မျှဝေရန်နှင့် ထိုအသိပညာများမှတစ်ဆင့် မိမိတို့ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရန် အသိပညာရှိသော နိုင်ငံသားများဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ရပ်ကို တည်ဆောက်ရန်သတိပေးနေသည့်အဓိပ္ပာယ်ပြည့်ဝသော** သတင်းစကားတစ်ရပ်ဖြစ်သည်ဟု လေးနက်စွာ မှတ်တမ်းပြုအပ်ပါသည်။ ။

## လွိုင်ကော်မြို့၌ အသက် (၄၀) နှင့်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




**လွိုင်ကော် အောက်တိုဘာ ၁၁**

ကယားပြည်နယ်လွှတ်တော်က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဖလား အသက်(၄၀)နှင့်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်နယ်အားကစားကွင်း(ဒေါဥချူ)၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်သုံးရပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**အနိုင်ရရှိ**

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဌာနဆိုင်ရာအသင်းနှင့် Old Star FC အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ Old Star FC အသင်းက ဌာနဆိုင်ရာအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်ဝန်ကြီးများက ဒိုင်အဖွဲ့နှင့် ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုငွေများကိုလည်းကောင်း၊ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သြဂုတ် ၁၉ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူး၊ စနေနှင့် တနင်္ဂနွေနေ့များတွင် အမှတ်ပေးစနစ်ဖြင့် ကစားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကိုမိဝေးဖဝေး၊မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက် လာကြသူများက အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "U Kyaw Khing" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဘူးရောက်ကျေးရွာနေ ကျော်ခိုင်အား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် စကားအင်းရဲကင်းစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်–လောင်းလုံး– ကျောက်နီမော် – ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။





အဆိုပါ ထားဝယ်–လောင်းလုံး–ကျောက်နီမော်–ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့် နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများဖယ်ရှားခြင်း(ဝဲပုံ)၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများဖြန့်ဝေပေးသည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဇ္ဈာ၊ ပညင်း၊ ညှင်းမော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပဥ္စသီမော်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး



**နေပြည်တော်  အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျား ပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်အထိ လျှော့ကျခဲ့သည့်အတွက် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး တမံအနီးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ စတင်၍ အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက်အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီ မိနစ် ၃၀ ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင် ကားလမ်း၏ အလျား ပေ ၂၀၀ ခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီ မိနစ် ၃၀ ခန့်တွင် ၎င်းနေရာမှပင် အလျား ပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှ ထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၁ ရက်နေ့ ညနေပိုင်းတွင် တမံရှိ ရေ ၃၁၂ ဒသမ ၇၀ ပေသာ ကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့် လျှော့နည်းသွားကြောင်း သိရှိရသည်။

ထို့ပြင် ရေလှောင်တမံ ဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာ ၃၀၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာ ၂၀ စုစုပေါင်း ကျေးရွာအုပ်စု ၁၂ စုရှိ ကျေးရွာ ၅၀ မှ ဒေသခံပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ၊ ကုန်းမြင့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–**

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ –၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–
(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–
(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

---

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကိုသိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံး တပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

---

# မော်လမြိုင်မြို့နယ်အတွင်း အပူဒဏ်ကြောင့်ဖြစ်ပွားသော Heat Stroke ကုသပေးနိုင်ရေး ပြင်ဆင်ထားရှိ



**မော်လမြိုင် အောက်တိုဘာ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသော အပူဒဏ်ကြောင့် Heat Stroke (အပူလျှပ်ခြင်း/အပူဒဏ်လွန်ကဲခြင်း) ရောဂါဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ဆေးဝါးကုသမှုပေးနိုင်ရေးအတွက် မော်လမြိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝတ်မှုံနှင့် အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဆင်ထားရှိသည့် ဖားအောက်တိုက်နယ်ဆေးရုံ၊ မော်လမြိုင်တက္ကသိုလ်ဆေးရုံနှင့် ကတိုးတိုက်နယ်ဆေးရုံများသို့ ယမန်နေ့က သွားရောက်ပြီး Heat Stroke ရောဂါကုသရန် ဆေးဝါးများ၊ ဆေးကုသဆောင်များနှင့် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများ ဖြည့်ဆည်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံအတွင်းမှ ထွက်ရှိသည့် ရော်ဘာများ ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်

ဝေယံလင်း(တာချီလိတ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရော်ဘာပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက် ရှိပါသည်။ ရော်ဘာကို လူ့အသုံးအဆောင်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ် မရှိမဖြစ် သုံးစွဲကြသည်။ နိုင်ငံအတွင်းမှ ထွက်ရှိသည့် သဘာဝရော်ဘာ၊ RSS-3/5 နှင့် MSR-20 ရော်ဘာများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် နယ်မြေဒေသ အခြေအနေအလိုက် ကျိုင်းတုံ-မိုင်းလားဂိတ်-တာလေ့သို့လည်းကောင်း၊ တာချီလိတ်မြို့နယ် - ဝမ်ပုံဆိပ်ကမ်းမှလည်းကောင်း၊ ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့်လည်းကောင်း တင်ပို့လျက်ရှိရာ နိုင်ငံတော်နှင့် ဒေသအလိုက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြုလျက်ရှိပါသည်။



တရုတ်နိုင်ငံ ဂျင်းဟုန်မြို့သို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် "Jinghong Highway Port of Entry" (ဂျင်းဟုန်ကုန်းလမ်းနယ်စပ်ဝင်ပေါက်)ဟူ၍ သီးခြားသတ်မှတ်ထားသော ဝင်ပေါက်မရှိဘဲ ဂျင်းဟုန် (Jinghong)မြို့၏ အုပ်ချုပ်မှုနယ်မြေအတွင်း အကောက်ခွန်ရှင်းလင်းရေး နေရာနှစ်ခုရှိကြောင်း သိရှိရသည်။ ယင်းနေရာများမှာ **Menglong (240)၊ BP (240) ကုန်းလမ်းနယ်စပ်ဖြတ်ကျော်ပေါက်နှင့် Guanlei ဆိပ်ကမ်း (ရေလမ်းကြောင်း)**တို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံမှ ရော်ဘာတင်သွင်းရာတွင် အဓိကကျသော ကုန်းလမ်းနယ်စပ်ဝင်ပေါက်မှာ **Daluo ဆိပ်ကမ်း** ဖြစ်ကြောင်း သိရသည်။ "ဂျင်းဟုန်၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ နယ်စပ်ဖြတ်ကျော်ပေါက်များ" သို့မဟုတ် " မြန်မာနိုင်ငံမှ တင်ပို့သော ရော်ဘာ"များအတွက် သီးခြားတင်သွင်းမှုပမာဏ (တန်ချိန်) စာရင်းဇယားမှတ်တမ်းများကိုမူ အများပြည်သူသို့ ထုတ်ပြန်ပေးလေ့မရှိကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ ဂျင်းဟုန်မြို့ Menglong မြို့နယ်ခွဲ နယ်စပ်သည် မြန်မာနိုင်ငံနှင့် မဟုတ်ဘဲ လာအိုနိုင်ငံနှင့် ဆက်စပ်လျက်ရှိပြီး တင်သွင်းလာသော ရော်ဘာအများစုမှာ လာအိုနိုင်ငံမှဖြစ်ကြောင်း သိရသည်။ ("အစားထိုးစိုက်ပျိုးရေး" အစီအစဉ်များမှတစ်ဆင့် ထုတ်လုပ်ပြီး တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့သော ရော်ဘာများဖြစ်သည်)။ မြန်မာ့ရော်ဘာပမာဏ အနည်းငယ်မျှသာ ဤနေရာတွင် အကောက်ခွန်ရှင်းလင်းရန်အတွက် ပြည်တွင်းမှတစ်ဆင့် သယ်ယူပို့ဆောင်လာခြင်းမျိုးသာရှိနိုင်သော်လည်း မြန်မာ့ရော်ဘာအတွက် ပုံမှန်ကုန်းလမ်းတင်သွင်းမှု ကုန်သွယ်ရေးမျိုးမရှိကြောင်း သိရပါသည်။ ထုတ်ပြန်ထားသော အကောက်ခွန်အစီရင်ခံစာများ၌ လာအိုနိုင်ငံမှ ရော်ဘာတင်သွင်းမှုများကိုသာ အဓိကထားဖော်ပြလေ့ရှိပါသည်။

၂၀၂၅ ခုနှစ်အတွက် Menglong နယ်စပ်ဖြတ်ကျော်ပေါက်၏ စုစုပေါင်း ကုန်စည်သယ်ယူပို့ဆောင်မှု ပမာဏကို တန်ချိန် (၁ ဒသမ ၂) သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသော်လည်း ဤကိန်းဂဏန်းတွင် မူလထုတ်လုပ်သည့် နိုင်ငံအလိုက် ရော်ဘာတန်ချိန် ပမာဏကို ခွဲခြားဖော်ပြထားခြင်းမရှိပါ။ မဲခေါင် (Mekong) မြစ်ကြောင်းမှတစ်ဆင့် သွားလာနိုင်ပြီး မြန်မာနိုင်ငံမှ ရေလမ်းဖြင့် သယ်ယူလာသော ရော်ဘာများကို လက်ခံနိုင်သော်လည်း ပမာဏမှာ အတော်အတန် နည်းပါးကြောင်းလည်း သိရှိရပါသည်။

၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံ၊ **Xishuangbanna ဒေသသို့ မြန်မာ့ရော်ဘာဝင်ရောက်ရာ အဓိကဆိပ်ကမ်းဖြစ်သည့် Daluo** ဆိပ်ကမ်းမှတစ်ဆင့် မြန်မာနိုင်ငံမှ သဘာဝရော်ဘာ (Ribbed Smoked Sheets - RSS) တင်သွင်းမှုပမာဏမှာ စုစုပေါင်းတန်ချိန် ၂၉၈၀၀ ခန့်ရှိပြီး တန်ဖိုးအားဖြင့် ယွမ်သန်း ၃၀၀ ခန့်ရှိကြောင်း သိရသည်။ ယင်းသည် Xishuangbanna ဒေသသို့ မြန်မာ့ရော်ဘာများ ဝင်ရောက်ရာ အဓိကကုန်းလမ်းကြောင်းတစ်ခု ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ အခွန်ကင်းလွတ်ခွင့်ရရှိသော သဘာဝရော်ဘာ ပထမဆုံးအသုတ် (Ribbed Smoked Sheets တန်ချိန် ၂၈၀)သည် Daluo ဆိပ်ကမ်းမှတစ်ဆင့် ဝင်ရောက်ခဲ့ကြောင်း သက်ဆိုင်ရာမှ သိရပါသည်။ မြန်မာနိုင်ငံဘက်မှ FORM-E ဦးစားပေး မူရင်းနိုင်ငံဆိုင်ရာလက်မှတ် (Preferential Certificate of Origin)ကို ထုတ်ပေးခဲ့ပြီး အဆိုပါကုန်ပစ္စည်းတင်ပို့မှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိကာ သွင်းကုန် Value Added Tax(VAT)တန်ဖိုး ထပ်ဖြည့်ခွန်ကိုသာ ပေးဆောင်ရန် လိုအပ်ခဲ့ပါသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း Guanlei ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းခဲ့သော ရော်ဘာနှင့် ရော်ဘာထုတ်ကုန်စုစုပေါင်းပမာဏမှာ တန်ချိန် ၄၅၀၃ တန်ရှိပြီး တန်ဖိုးအားဖြင့် ယွမ် ၅၃ ဒသမ ၉ သန်းရှိကြောင်း သိရှိရပါသည်။ ဤကိန်းဂဏန်းသည် လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းမှုများကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး မြန်မာ့ရော်ဘာအတွက် သီးခြားပမာဏကို ခွဲခြားဖော်ပြထားခြင်းမရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ထို့ပြင် မန္တလေးမြို့မှ ပုံမှန်ကုန်းလမ်းကြောင်းအတိုင်း မန္တလေး-ကျိုင်းတုံ-မိုင်းလားမှတစ်ဆင့် တရုတ်နိုင်ငံ Daluo ဆိပ်ကမ်းသို့ ဝင်ရောက်ခဲ့ပြီး Jinghong ဒေသရှိရော်ဘာကုန်ကြမ်းပြုပြင်ထုတ်လုပ်ရေးစက်ရုံများသို့ ဆက်လက်သယ်ယူခြင်းဖြစ်ကြောင်း သိရပါသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံ Xishuangbanna အကောက်ခွန်ဌာန၏ ကြီးကြပ်မှုနယ်ပယ်အတွင်း (Daluo၊ Menglong နှင့် Guanlei လမ်းကြောင်းများ အပါအဝင်) အထူးအခွင့်အရေးဖြစ်သော အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သည့် သဘာဝရော်ဘာ(လာအိုနှင့် မြန်မာနိုင်ငံတို့မှ စုစုပေါင်းပမာဏ)၏ တန်ဖိုးမှာ Renminbi (RMB) သန်း ၁၄၀ ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း အဆိုပါဒေသ၌ သဘာဝရော်ဘာကုန်ကြမ်းတင်သွင်းမှုအတွက် နယ်စပ်ဖြတ်ကျော် RMB ငွေပေးချေမှုပမာဏမှာ စုစုပေါင်း RMB ၂၅၃ သန်းခန့်ရှိကြောင်းလည်း သိရသည်။ မြန်မာနှင့် လာအိုနိုင်ငံတို့အတွက် ပမာဏများကို သီးခြား ခွဲခြားဖော်ပြထားခြင်းမရှိပါ။ ၂၀၂၄ ခုနှစ်တွင် Xishuangbanna ဒေသသည် မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ သဘာဝရော်ဘာကုန်ကြမ်း စုစုပေါင်းမက်ထရစ်တန်ချိန် ၃၉၀၀၀၀ ကို တင်သွင်းနိုင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၆ ခုနှစ် ဩဂုတ်လတွင် တရုတ်နိုင်ငံ၏ သဘာဝရော်ဘာတင်သွင်းမှုစုစုပေါင်း **တန်** ၄၈၆၀၀၀ ရှိပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ သုညရာခိုင်နှုန်း တိုးမြင့်ခဲ့ကာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။ တင်သွင်းမှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၆ သန်း (၁ ဒသမ ၀၄၆ ဘီလီယံ)ဖြစ်ပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်းတိုးမြင့်ခဲ့ရာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ စုစုပေါင်းတင်သွင်းမှုမှာ မက်ထရစ်တန် ၄၀၇၅၈၀၀ ဖြစ်ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၁၀ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

**တရုတ်နိုင်ငံ ရော်ဘာဈေးကွက်သို့** ရော်ဘာတင်သွင်းမှု စုစုပေါင်း၏ ထိပ်တန်းသုံးနိုင်ငံမှာ **ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံ**တို့ ဖြစ်ကြသည်။ ထိုင်းနိုင်ငံမှ **တန်** ၁၈၅၈၀၀ စုစုပေါင်း၏ ၃၈ ဒသမ ၂ ရာခိုင်နှုန်း၊ လာအိုနိုင်ငံမှ တန် ၈၀၇၀၀ ၊ စုစုပေါင်း၏ ၁၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံမှ **တန်** ၇၂၇၀၀ စုစုပေါင်း၏ ၁၄ ဒသမ ၉ ရာခိုင်နှုန်းခန့် တင်သွင်းထားနိုင်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းလား၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့နယ်များမှ ထွက်ရှိသည့် ရော်ဘာများကို နိုင်ငံနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ထိုင်း၊ လာအိုနိုင်ငံတို့မှတစ်ဆင့် တင်ပို့ရောင်းချပါက အဆိုပါနိုင်ငံများ၏ ရော်ဘာတင်ပို့မှုစာရင်းတွင်သာ ပါဝင်သွားနိုင်ပြီး မြန်မာနိုင်ငံတင်ပို့မှုစာရင်းတွင် ပါရှိနိုင်မည်မဟုတ်ကြောင်း သိရှိနိုင်မည်ဖြစ်ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှ ထွက်ရှိသော ရော်ဘာများနှင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှ ထွက်ရှိသော ရော်ဘာများကို ကျိုင်းတုံ-မိုင်းလား-တာလေ့မှ တရုတ်နိုင်ငံသို့လည်းကောင်း၊ ကျိုင်းတုံ-မိုင်းဖြတ်-တာလေ-ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ လည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်း ဝမ်ပုံဆိပ်ကမ်းမှ မဲခေါင်မြစ်ကြောင်းအတိုင်း တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့လည်းကောင်း တရားဝင်သတ်မှတ်ချက်များနှင့်အညီ လွယ်ကူစွာ တင်ပို့နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာများကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရာတွင် မြန်မာနိုင်ငံဘက်မှ FORM-E ဦးစားပေး မူရင်းနိုင်ငံဆိုင်ရာလက်မှတ် (Preferential Certificate of Origin) အား ထုတ်ပေးလျက်ရှိသဖြင့် ရော်ဘာသည် အစားထိုးစိုက်ပျိုးရေးသီးနှံ Quota ပေးသည့် ကုန်ပစ္စည်းဖြစ်သည့်အတွက် အခွန်ကင်းလွတ်ခွင့်လည်း သတ်မှတ်ကာလအထိ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။ အလားတူ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ တင်ပို့မည်ဆိုပါကလည်း မြန်မာနိုင်ငံဘက်မှ FORM-D ဦးစားပေး မူရင်းနိုင်ငံဆိုင်ရာ လက်မှတ်ကို ထုတ်ပေးလျက်ရှိသဖြင့် အကျိုးကျေးဇူးဖြစ်ထွန်းမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အခြားဒေသများနှင့် ရှမ်းပြည်နယ်ရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ ကုန်သွယ်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် မိမိတို့ဒေသအတွင်း လူမှုစီးပွားဖြစ်ထွန်းစေရန် ပြည်ပဈေးကွက်များသို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေး နည်းလမ်းများအား ရေးသား တင်ပြလိုက်ရပါသည်။ ။

**မန္တလေးမြို့မှ ပုံမှန်ကုန်းလမ်းကြောင်းအတိုင်း မန္တလေး - ကျိုင်းတုံ - မိုင်းလားမှတစ်ဆင့် တရုတ်နိုင်ငံ Daluo ဆိပ်ကမ်းသို့ ဝင်ရောက်ခဲ့ပြီး Jinghong ဒေသရှိ ရော်ဘာကုန်ကြမ်းပြုပြင်ထုတ်လုပ်ရေးစက်ရုံများသို့ ဆက်လက်သယ်ယူခြင်းဖြစ်ကြောင်း သိရပါသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံ Xishuangbanna အကောက်ခွန်ဌာန၏ ကြီးကြပ်မှုနယ်ပယ်အတွင်း (Daluo၊ Menglong နှင့် Guanlei လမ်းကြောင်းများ အပါအဝင်) အထူးအခွင့်အရေးဖြစ်သော အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သည့် သဘာဝရော်ဘာ(လာအိုနှင့် မြန်မာနိုင်ငံတို့မှ စုစုပေါင်းပမာဏ)၏ တန်ဖိုးမှာ Renminbi (RMB) သန်း ၁၄၀ ရှိခဲ့ကြောင်း လေ့လာသိရှိရ**






# တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကြမည်



**နေပြည်တော် အောက်တိုဘာ ၁၁**

တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အဆင့်အလိုက် ဖလိုင်းဝိတ်တန်း၊ ဝယ်တာဝိတ်တန်း၊ ဟဲဗီးဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(C)၌ အမျိုးသားဗန်တို အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း ဗိုလ်လုပွဲစဉ်၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက် ဗိုလ်လုပွဲစဉ်၊ အမျိုးသားဓားတစ်လက် အတိုက် (က) တန်း ဗိုလ်လုပွဲပွဲစဉ်၊ အမျိုးသားဓားနှစ်လက် အတိုက် (ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသမီး ဓားတစ်လက် အတိုက်ဗိုလ်လုပွဲ ပွဲစဉ်၊ ခွဲမှူးဆရာအဆင့် ဓားနှစ်လက်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် အချုပ်၊ အဖြည့် စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်(၆) အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပရာ အခြေခံအထိ(၆)ချက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်းမှလည်းကောင်း၊ (၄)ပေါက်တန်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်းမှလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၅၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိစစ်ကြောရေးနှင့်တည်ခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(၆၃)ကြိမ်မြောက် အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအကြိမ်ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့သည် ဇေယျာသီရိတပ်မတော်အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သည်။



ပြိုင်ပွဲပထမပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအနေဖြင့် အုပ်စုပထမဖြင့် တက်ရောက်လာသော အသင်းဖြစ်သည်နှင့်အညီ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းဘက်သို့ ဂိုးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေး တိုက်စစ်ဆင် ကစားခဲ့ပြီး ပထမပိုင်းပွဲကစားချိန်ပြီးခါနီးချိန် ၄၅ မိနစ် ၂၅ စက္ကန့်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုး စတင်သွင်းယူခဲ့ပြီး ပထမပိုင်းပွဲကစားချိန်အပြီးတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအနေဖြင့် ချေပဂိုးပြန်လည်ရရှိနိုင်ရေးအတွက် ကြိုးပမ်းကစားခဲ့သော်လည်း ပွဲကစားချိန် ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် အောက်တိုဘာ ၁၆ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

မြန်မာ ယူ-၁၇ အသင်းသည် ယနေ့ပွဲစဉ်တွင် တရုတ်-ဟောင်ကောင် ယူ-၁၇ အသင်းကို ပထမပိုင်းမှာပင် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၂၈ မိနစ်တွင် ဟောင်ကောင်အသင်းမှ Wong Tsz Yiu ၏ အဝေးကန်ချက်ဖြင့် ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရသည်။ မြန်မာ ယူ-၁၇ အသင်း ချေပဂိုးရရှိရေး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၄၁ မိနစ်တွင် ရှင်းသန့်ဖြူစင်ပြုံးက ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီဖြင့် သရေကျနေခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာယူ-၁၇ အသင်းက အနိုင်ဂိုးရရှိရေး အစွမ်းကုန်ဖိအားပေးကစားခဲ့ပြီး ပွဲချိန်မိနစ် ၆၀ တွင် သက်သက်ဝေက အဝေးကန်ချက်ဖြင့် အနိုင်ဂိုးသွင်းယူပေးခဲ့ရာ ဟောင်ကောင်အသင်းကို ပွဲပြီးချိန်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့နိုင်ပွဲကြောင့် မြန်မာယူ-၁၇ အသင်းသည် အုပ်စုပထမဖြင့် ၂၀၂၇ ခုနှစ် တရုတ်နိုင်ငံ၌ကျင်းပမည့် AFC U-17 Women's Asian Cup ပြိုင်ပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

---

❖ *ကျောဖုံးမှ*

ရီးရဲမက်ဒရစ်အသင်း အဓိက တိုက်စစ်ကစားသမား အမ်ဘာပေနှင့် ဂူလာတို့၏ ထိုးဖောက်တိုက်စစ်ဆင်မှုများမှာ ထိရောက်မှုရှိခဲ့သော်လည်း ပြိုင်ဘက်အသင်းဂိုးသမား ပီတာဂူလာစီ လက်စွမ်းပြကာကွယ်နိုင်မှုကြောင့် ဂိုးမရှိသရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ပွဲချိန် ၆၂ မိနစ်တွင် တောင်ပံတိုက်စစ်ကစားသမား ဒီယိုမန်ဒီက ရီးရဲမက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ပွဲချိန် ၇၁ မိနစ်တွင် လူစားဝင်တိုက်စစ်ကစားသမား ဗင်နီစီးယပ်စ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းဂိုးသမား ကော့တွိုက်စ်သည် အထူးလက်စွမ်းပြသနိုင်ခဲ့ပြီး ပြိုင်ဘက် ဗီလာရီးရဲအသင်း၏ ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးများကို ကာကွယ်နိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် အက်သလက်တီကိုမက်ဒရစ်က တစ်ယောက်လျော့ အလာဗက်စ်ကို နှစ်ဂိုး-တစ်ဂိုး၊ အမှတ်ပေးဇယား ဦးဆောင်သူ ဘာစီလိုနာက ဂီတာဖေးကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး မာလာဂါနှင့် အက်စပန်ညိုအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဘာစီလိုနာအသင်းသည် လာလီဂါတွင် ရှစ်ပွဲကစားပြီး ရှစ်ပွဲစလုံးနိုင်ပွဲရရှိကာ ရာနှုန်းပြည့်နိုင်ပွဲကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ **အောင်ဇော်**

---

❊ *ကျောဖုံးမှ*

မွန်းလွဲပိုင်းပွဲစဉ်များတွင် VICTORIA အသင်းက BUSHIDO အသင်းကို ကိုးဂိုး-ငါးဂိုး၊ MAHAR BURMA အသင်းက FFU MINMAHAW အသင်းကို သုံးဂိုး-နှစ်ဂိုး၊ UNITED CITY အသင်းက SHWE PYI THAR UTD အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဒုတိယအကျော့ အပတ်စဉ်(၁၄) ပြိုင်ပွဲများအပြီးတွင် VICTORIA FC က ၃၇ မှတ်၊ SGF YOUTH FC က ၃၄ မှတ်၊ MAHAR BURMA က ၂၈ မှတ်၊ FFU MINMAHAW က ၂၅ မှတ်၊ UNITED CITY က ၂၄ မှတ်၊ PACIFIC SUN FAR FC နှင့် AVENGERS JUNIOR က ၂၃ မှတ်၊ JULLNISS FC က ၂၀ မှတ်၊ TKA STARS FC က ၁၅ မှတ်၊ BUSHIDO FC က ၁၀ မှတ်၊ SHWE PYI THAR UTD FC က ၃ မှတ်နှင့် MAR REIN FC က ၂ မှတ် အသီးသီးရရှိထားသည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

---

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မှုးယစ်ဆေး**

## မော်ဘီမြို့နယ်၌ အိမ်တွင်းမှုလက်ကိုင်အိတ်အမျိုးမျိုးချုပ်လုပ်မှု နည်းပညာသင်တန်းဆင်း

**မော်ဘီ အောက်တိုဘာ ၁၁**

တိုင်းရင်းသားရေးရာ အသိပညာပေးခြင်း ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်စီမံခြင်းအစီအစဉ်နှင့် အိမ်တွင်းမှုသင်တန်း လက်ကိုင်အိတ်အမျိုးမျိုး ချုပ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ယမန်နေ့က မော်ဘီမြို့နယ် ပေါက်ကုန်းကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောဂျက်ကေဘုထူးက အမှာစကားပြောကြားပြီး တိုင်းရင်းသားအခွင့်အရေး



များ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက သင်တန်းပို့ချရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

သင်တန်းကို စက်တင်ဘာ ၆ ရက်မှ အောက်တိုဘာ ၉ ရက်အထိ သင်တန်းသား သင်တန်းသူ ၅၀ ကို သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းလက်မှတ်များအား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**ကောင်းမြတ်သူ(မော်ဘီ)**



## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**သထုံ အောက်တိုဘာ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၌ စွမ်းရည်ပြည့်ဝစေရေးအတွက် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်က မြို့နယ်မီးသတ်စခန်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဟိန်းဇော်တို့က သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် သင်တန်းအစီအစဉ်တို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**




## တောင်ငူ၌ ရှေ့ပြေးဥပဒေရုံး ဆောင်ရွက်ထားရှိမှု တိုင်းဒေသကြီးဥပဒေချုပ် ကြည့်ရှုစစ်ဆေး

**တောင်ငူ အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ယမန်နေ့က တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က တောင်ငူခရိုင်ဥပဒေရုံးနှင့် တောင်ငူမြို့နယ်ဥပဒေရုံးများတွင် ရှေ့ပြေးဥပဒေရုံး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တီးတိန်မြို့၌ မျိုးစေ့ချကိရိယာ၊ မြေတွင်းအာဟာရတိုးပစ္စည်းနှင့် နေကြာမျိုးစေ့များ ပေးအပ်

**တီးတိန် အောက်တိုဘာ ၁၁**

ချင်းပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့်တီးတိန်မြို့၌စိုက်ပျိုးသီးနှံမှ အထွက်နှုန်းပန်းတိုင်ရရှိစေရန် မျိုးစေ့ချကိရိယာ၊ မြေတွင်းအာဟာရတိုး ပစ္စည်းနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က စိုက်ပျိုးရေးကိရိယာနှင့် မျိုးစေ့များ ထောက်ပံ့ရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့က တီးတိန်မြို့နယ် တောင်သူများထံသို့ တိုက်ရိုက်အစေ့ချကိရိယာကျေးရွာ၁၀ရွာ၊မြေတွင်းအာဟာရတိုးပစ္စည်း




ကျေးရွာ၂၀ နှင့် နေကြာမျိုးစေ့များကို ကျေးရွာ၄၊ရွာ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံရှေ့နှင့် မြို့မဈေးအတွင်း၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို အောက်တိုဘာ ၉ ရက်က မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥက္ကဋ္ဌဦးမျိုးကျော်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစိုးအောင်နှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က အခမဲ့ဖြန့်ဝေပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ထားဝယ်မြို့၌အခြေခံပညာ ကျောင်းပေါင်းစုံခရစ်ကတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်

**ထားဝယ် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်နှင့် ထားဝယ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အခြေခံပညာ ကျောင်းပေါင်းစုံ




အမျိုးသား၊ အမျိုးသမီးခရစ်ကတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာဗိုလ်လုပွဲကို အမျိုးသားအမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း အသင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းညွန့်နှင့်တာဝန်ရှိသူများ၊အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ငွေခင်ယော်(ထားဝယ်)**



နေပြည်တော် တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီး အရာရှိ ဦးဟိန်းအောင်ကျော်တို့ ဦးဆောင်၍ မီးငြိမ်းသတ်မှု ရေလိုအပ်ချက် မဖြစ်ပေါ်စေရေး၊ မီးသတ်ရေလှောင်ကန်များမှ အရေးပေါ်ရေသုံးစွဲနိုင်ရေးနှင့် ရေပြတ်လပ် မှုမရှိစေရေး ရေလှောင်ကန်များ သန့်ရှင်းရေးနှင့် ရေဖြည့်တင်းခြင်းကို အောက်တိုဘာ ၁၀ ရက်က ဆောင်ရွက်စဉ်။ တင်စိုးလွင်(ပြန်/ဆက်)

## မကွေးမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မကွေး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာတွင်း လမ်းအရှည် ပေ ၃၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၀ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းနှင့် တာဝန်ရှိသူ များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အထွေး**





## မင်းဘူးမြို့နယ်၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းဘူးမြို့နယ် ပိုက်သင်ခေတ်မီစံပြကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၀ ရက်က ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငယ်လေး**



ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့ ကုမုဒြာလမ်းထောင့်နှင့် ရုပ်သံ လမ်းတစ်လျှောက်၌ အောက်တိုဘာ ၁၁ ရက်က ပြင်စလူမြို့ အုပ်ချုပ် ရေးမှူး ဦးအောင်မြင့်မြတ်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်စဉ်။ ပြင်စလူ(ပြန်/ဆက်)

## တစ်ပတ်တာ ဖတ်စရာ

## မြန်မာရေးရာ

**အောက်တိုဘာ ၄ ရက်**

### မလေးရှားမှ မြန်မာနိုင်ငံသား ၁၄၇၆ ဦး ပြန်လည်ခေါ်ဆောင်

မလေးရှားနိုင်ငံတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို တပ်မတော်(ရေ) စစ်ရေယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ခေါ်ဆောင်ခဲ့သည်။ တာဝန်ရှိသူများက နေရပ်ပြန်နိုင်ရေးနှင့် မိသားစုများ ပြန်လည်ဆုံတွေ့ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**အောက်တိုဘာ ၅ ရက်**

### အမျိုးသမီးစက်ခေါင်းမောင်းများ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ တာဝန်ပေးအပ်မည်

မြန်မာ့မီးရထားသမိုင်းတွင် ပထမဆုံးအဖြစ် အမျိုးသမီးစက်ခေါင်းမောင်း ငါးဦးကို ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းရှိ DEMU နှင့် RBE ရထားများတွင် မကြာမီ စတင်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

**အောက်တိုဘာ ၆ ရက်**

### ပခုံးဆစ်ပြတ်လက်ကို အောင်မြင်စွာ ပြန်တွဲဆက်နိုင်ခဲ့

မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဆိုင်ကယ်မတော်တဆမှုကြောင့် ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသည့် အသက် (၉) နှစ်အရွယ် ကလေးငယ်တစ်ဦး၏ လက်အား ဒဏ်ရာရပြီး ၆ နာရီအတွင်း တပ်မတော်လေယာဉ်ဖြင့် အချိန်မီခေါ်ယူကာ အဆင့်မြင့်ခွဲစိတ်မှုများဖြင့် အောင်မြင်စွာ ပြန်လည်တွဲဆက်ပေးနိုင်ခဲ့သည်။

**အောက်တိုဘာ ၇ ရက်**

### နိုင်ငံတော်သမ္မတ၏ မလေးရှားခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် သံတမန်ဆက်ဆံရေး မြှင့်တင်ရေး ဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ကာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးခဲ့သည်။ ထို့ပြင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးနှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

**အောက်တိုဘာ ၈ ရက်**

### မြန်မာ-မလေးရှား ခေါင်းဆောင်နှစ်ဦး ကွာလာလမ်ပူ၌ တွေ့ဆုံဆွေးနွေး

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ရောက်ရှိနေသော မြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် အွန်လိုင်းလောင်းကစားမှု၊ လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဝန်ကြီးချုပ်အိမ်တော်၌ ကျင်းပ

မြန်မာနိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့ တက်ရောက်ခဲ့သည့် မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများနှင့် Think Tank အဖွဲ့အစည်းများအကြား ချိတ်ဆက်မှုများ မြှင့်တင်ရန် ရည်ရွယ်၍ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

### မြန်မာ-မလေးရှား နှစ်နိုင်ငံ ဆွေးနွေးပွဲနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

မြန်မာနိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ မလေးရှားရောက် မြန်မာလုပ်သားများ ကာကွယ်စောင့်ရှောက်ရေး၊ ဒုက္ခသည်များ နေရပ်ပြန်လည်ခေါ်ဆောင်ရေးနှင့် ဒေသတွင်း အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာများကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

**အောက်တိုဘာ ၉ ရက်**

### မြန်မာ့ပေါ်ဆန်းဆန် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ် ထပ်မံဆွတ်ခူး

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံ ၂၀၂၆ ၌ မြန်မာ့ပေါ်ဆန်းဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice Award) ကို ဒုတိယအကြိမ်မြောက် ထပ်မံရရှိခဲ့ပြီး နိုင်ငံတော်သမ္မတက ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ကာ ဆန်စပါးအသင်းချုပ်တို့ကလည်း ယခုဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၃ သန်း တင်ပို့ရန် ရည်မှန်းကြိုးပမ်းလျက်ရှိသည်။

**အောက်တိုဘာ ၁၀ ရက်**

### အပတ်စဉ် ဗုဒ္ဓဟူးနေ့ WFH စနစ်ကို ပယ်ဖျက်ပြီး ပုံမှန်ရုံးတက်ရန် ထုတ်ပြန်

စက်သုံးဆီချွေတာရန်အတွက် ၂၀၂၆ ခုနှစ် မတ်လမှစတင်ကာ အစိုးရရုံးဌာနများ၌ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း နေအိမ်မှ ရုံးလုပ်ငန်း ဆောင်ရွက်ရန် (Work from Home) သတ်မှတ်ထားချက်ကို ယနေ့မှစ၍ မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်လိုက်သည်။

## ကမ္ဘာရေးရာ

### သီရိလင်္ကာ၌ စက်သုံးဆီအသုံးစရိတ် မြင့်တက်

သီရိလင်္ကာနိုင်ငံ၏ ယခုနှစ် ပထမရှစ်လအတွင်း စက်သုံးဆီတင်သွင်းမှုစရိတ်သည် ၆၀ ရာခိုင်နှုန်းကျော် သိသာစွာ မြင့်တက်လာကြောင်း အောက်တိုဘာ ၄ ရက်တွင် ဗဟိုဘဏ်ထုတ်ပြန်ချက်အရ သိရသည်။

### ထိုင်းရေကြီးမှုကြောင့် လူသေဆုံးမှုရှိလာ

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်မှစ၍ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် အောက်တိုဘာ ၅ ရက်အထိ လူပေါင်း ၃၁ ဦး သေဆုံးပြီး လူဦးရေ ၄ သန်းကျော် ဘေးသင့်ခဲ့ရသည်။

### ဘာရာဇီးရွေးကောက်ပွဲ ဒုတိယအကြိမ် ကျင်းပမည်

ဘာရာဇီးသမ္မတရွေးကောက်ပွဲတွင် အောက်တိုဘာ ၄ ရက် မဲပေးမှု၌ မည်သည့်ကိုယ်စားလှယ်လောင်းမျှ အတည်ပြုမဲထက်ဝက်ကျော် မရရှိသဖြင့် အောက်တိုဘာ ၂၅ ရက်တွင် ဒုတိယအကြိမ် ထပ်မံမဲပေးရမည်ဖြစ်ကြောင်း အောက်တိုဘာ ၆ ရက်တွင် သိရသည်။

### ဂါဇာပဋိပက္ခ သုံးနှစ်ပြည့်သော်လည်း အခြေအနေဆိုးရွားဆဲ

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား ဖြစ်ပွားသည့် ပဋိပက္ခသည် အောက်တိုဘာ ၇ ရက်တွင် သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း လူသားချင်းစာနာမှု အခြေအနေများမှာ ဆိုးရွားနေဆဲဖြစ်သည်။

### ဖိလစ်ပိုင် တာလ်မီးတောင် ပေါက်ကွဲ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ဘက်ရှိ တာလ်မီးတောင်သည် အောက်တိုဘာ ၈ ရက် ညနေပိုင်းတွင် အသေးစားပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးငွေ့များ မီတာ ၄၀၀၀ အထိ မြင့်တက်ခဲ့သည်။

### SpaceX Crew-12 မစ်ရှင် ကမ္ဘာမြေသို့ ပြန်ရောက်

နိုင်ငံတကာအာကာသစခန်း (ISS) တွင် ရှစ်လနီးပါး နေထိုင်ခဲ့သည့် NASA ၏ SpaceX Crew–12 မစ်ရှင် အာကာသယာဉ်သည် အောက်တိုဘာ ၈ ရက်တွင် အာကာသစခန်းမှ ထွက်ခွာခဲ့ပြီး ကမ္ဘာမြေသို့အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့ကြောင်း အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်သည်။

### ပနားမား၌ ပြင်းအား ၇ ဒသမ ၇ ငလျင်လှုပ်ခတ်

ပနားမားနိုင်ငံတွင် ပြင်းအား ၇ ဒသမ ၇ ရှိ အင်အားပြင်းငလျင်တစ်ခု အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းတွင် လှုပ်ခတ်ခဲ့မှုကြောင့် လူ ၂၇ ဦး ဒဏ်ရာရကာ အဆောက်အအုံနှင့် လမ်းတံတားများစွာ ပျက်စီးခဲ့ကြောင်း အောက်တိုဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

## ချမ်းအေးသာစံမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၀ ရက်က မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ၃၃/၁၁ ကေဗွီ (၂၀+၁၀+၁၀) အမ်ဗွီအေ ဝါခင်းကုန်း(၁) ဓာတ်အားခွဲရုံ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများ၊ (၈၃ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား)



တွင် System Improvement အနေဖြင့် ၁၁/၀.၄ ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံး အသစ်တည်ဆောက်ခြင်း ဆောင်ရွက်နေ မှုနှင့် ၇၅ လမ်းနှင့် ၂၈ လမ်းထောင့်ရှိ ၁၁/၀.၄ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ အထွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူများအား အလှည့်ကျ ဓာတ်အားပေးသည့် အချိန်တွင် အပြည့်အဝ ဓာတ်အားရရှိစေရေး အတွက် ထရန်စဖော်မာ ဝန်အားမျှခြင်းလုပ်ငန်း၊ လိုင်းကြိုးများ တင်းခြင်း၊ ရှုပ်ထွေးဆားဗစ်များ ရှင်းလင်းခြင်း၊ လိုင်းအဆက်များ ခိုင်မြဲစေရေးတို့ကို စနစ်တကျ ဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။မြန်မာ့အလင်း

## မအူပင်မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**မအူပင် အောက်တိုဘာ ၁၁**

ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ ၂၆မြို့နယ်၌ မြို့အင်္ဂါရပ်နှင့်အညီ ရေစီးရေလာ ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာ လှပစေရေးအား အောက်တိုဘာ ၈ ရက်က စတင် ဆောင်ရွက်လျက်ရှိသည်။



ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်သက်ခိုင်နှင့် တာဝန်ရှိသူများက စည်ပင်သာယာရေးအဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာနတို့မှ ဆောင်ရွက်နေသည့် အမှတ်(၂)ရပ်ကွက်၊ (၃)လမ်း တစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားဖြင့် တူးဖော်နေမှုများ၊ ရေမြောင်းများအတွင်းမှ အမှိုက်များ ဆယ်ယူနေမှု၊ မြို့ရှောင်လမ်း တစ်လျှောက် လမ်းဘေးဝဲယာရှိ မြက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အောင်မြင့်မြတ်
(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## နီပေါနိုင်ငံအလယ်ပိုင်း၌ ပြင်းထန်သောရေကြီးရေလျှံမှုကြောင့် ရေအားလျှပ်စစ်စီမံကိန်း လေးခုထက်မနည်း ထိခိုက်ပျက်စီး

ခတ္တမန္ဒူ အောက်တိုဘာ ၁၁

**နီပေါနိုင်ငံအလယ်ပိုင်း ဂေါ်ခါခရိုင် ဗုဒ္ဓိဂန္ဓကီမြစ်ဝှမ်းဒေသ၌ အောက်တိုဘာ ၁၁ ရက်က ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ရေအားလျှပ်စစ်စီမံကိန်း လေးခုထက်မနည်း ထိခိုက်ပျက်စီးခဲ့ကြောင်း ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူများအသင်း (IPPAN) က ပြောကြားသည်။**



နီပေါနိုင်ငံ ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများအသင်း (IPPAN) ၏ ပဏာမဆန်းစစ်ချက်အရ ဗုဒ္ဓိဂန္ဓကီမြစ်ဝှမ်းနှင့် ယင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ရေအားလျှပ်စစ်စီမံကိန်း လေးခုထက်မနည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်က ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် နီပေါနိုင်ငံ၌ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ အဆိုပါဘေးအန္တရာယ်ကြောင့် လူ ၁၄၅ ဦး သေဆုံးခဲ့ပြီး ၅၂၈၅ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

အခြားသတင်းတစ်ရပ်တွင် နီပေါနိုင်ငံအလယ်ပိုင်း ဂေါ်ခါခရိုင်နှင့် ဒါဒင်းခရိုင်တို့၌ ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် နေအိမ် ၆၅ လုံး ရေစီးနှင့်အတူ မျောပါသွားကာ လူငါးဦး ပျောက်ဆုံးနေကြောင်း ဖော်ပြထားသည်။ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် လူ ၃၆ ဦးကို ဘေးလွတ်ရာသို့ လေကြောင်းမှတစ်ဆင့် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရှာဖွေရေး၊ ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

## အာဖဂန်၊ ဥဇဘက်နှင့် အိန္ဒိယကုမ္ပဏီများ ဒေါ်လာသန်း ၄၀၀ နီးပါးတန်ဖိုးရှိ ကုန်သွယ်ရေးသဘောတူညီချက်များ ချုပ်ဆို

**ကဘူးလ် အောက်တိုဘာ ၁၁**

အာဖဂန်နစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေးများမြှင့်တင်ရန် အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါးတန်ဖိုးရှိ ကုန်သွယ်ရေးသဘောတူညီချက်များကို ချုပ်ဆိုခဲ့ကြကြောင်း အာဖဂန်နစ္စတန်ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့အစည်းက အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယခုသဘောတူညီချက်များကြောင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ကာ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်များကို အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော် ကဘူးလ်တွင် ကျင်းပသော ကုန်စည်ပြပွဲနှင့် ဆက်စပ်သည့်တွေ့ဆုံပွဲတစ်ခု၌ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲတွင် ဥဇဘက်ကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှ ကုမ္ပဏီများအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီပေါင်း ၃၂၃ ခုက ၎င်းတို့၏ထုတ်ကုန်များကို ပြခန်းပေါင်း ၇၀၀ ခန့်ဖြင့် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့က လေဆိပ်တိုက်ခိုက်ခံရမှုကို ပြတ်သားစွာ တုံ့ပြန်သွားမည်ဟုဆို

**ရီယာ့ဒ် အောက်တိုဘာ ၁၁**

ယီမင်နိုင်ငံရှိ ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်ရှိ ဘုရင်ခါလစ် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်တင်ဆောင်ရာဂိတ်ကို အောက်တိုဘာ ၁၀ ရက်က တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ပြတ်သားစွာ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် လူ ၁၂ ဦး သေဆုံးပြီး ၃၀၉ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ အထွေထွေလေကြောင်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

မဟာမိတ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်လ်မာလီက အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေများနှင့်အညီ အကြမ်းဖက်တိုက်ခိုက်မှုဟု ၎င်းက သတ်မှတ်ထားပြီး အဆိုပါဖြစ်ရပ်ကို မဟာမိတ်အဖွဲ့၏ ပူးပေါင်းတပ်ဖွဲ့ဌာနချုပ်က ပြတ်သားစွာ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက် အစောပိုင်းတွင် ပြောကြားသည်။

ထို့အပြင် ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံဘက်သို့ ဦးတည်ပစ်လွှတ်ခဲ့သော ပဲ့ထိန်းဒုံးကျည်တစ်စင်းနှင့် ဒရုန်းတစ်စင်းကို ကြားဖြတ်ဟန့်တား ဖျက်ဆီးနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လေဆိပ် တိုက်ခိုက်ခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများသည် ဆေးရုံများတွင် ကုသမှုခံယူလျက်ရှိပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ထို့ပြင် လေဆိပ်၏ လုပ်ငန်းလည်ပတ်မှုများကိုလည်း ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

## တူရကီယဲ၌ အသက် ၁၅ နှစ်အောက်ကလေးများ၏ လူမှုကွန်ရက်အသုံးပြုခွင့် တင်းကျပ်မည်

**အန်ကာရာ အောက်တိုဘာ ၁၁**

လူငယ်အသုံးပြုသူများ၏ လုံခြုံရေးနှင့် အွန်လိုင်းပေါ်တွင် အနိုင်ကျင့်မှု၊ နှောင့်ယှက်မှုများဖြစ်ပွားနိုင်ခြေအပေါ် စိုးရိမ်မှုများ မြင့်တက်နေချိန်တွင် တူရကီယဲနိုင်ငံ၌ အသက် ၁၅ နှစ်အောက်ကလေးများ၏ လူမှုကွန်ရက်



အသုံးပြုခွင့်ကို ကန့်သတ်ရန် စည်းမျဉ်းစည်းကမ်းသစ်များ ထုတ်ပြန်လိုက်ကြောင်း သိရသည်။

စည်းမျဉ်းသစ်အရ အသက် ၁၅ နှစ်အောက်ကလေးများ လူမှုကွန်ရက် အသုံးပြုခွင့်မရရှိစေရန် လူမှုကွန်ရက်ပလက်ဖောင်းများက တားဆီးဆောင်ရွက်ပေးရမည်ဖြစ်သည်။ အောက်တိုဘာ ၁၀ ရက်တွင် စတင်မိတ်ဆက်ခဲ့သည့် အဆိုပါစည်းမျဉ်းများ၌ အသုံးပြုသူများ၏ အသက်ကို စစ်ဆေးအတည်ပြုခြင်းနှင့် သတ်မှတ်အသက်အရွယ် မပြည့်မီသူများ အကောင့်ဖွင့်ခြင်းကို တားဆီးခြင်းတို့ ပါဝင်သည်။

ယင်းစည်းမျဉ်းသစ်သည် အသက်ငယ်ရွယ်သူများ၏ လုံခြုံရေးကိုလည်း ပိုမိုအားကောင်းစေမည်ဖြစ်ပြီး ပါလီမန်၏ အတည်ပြုချက်ရရှိပါက နိုဝင်ဘာ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဩစတြေးလျ၌ စိတ်ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရန် အမေရိကန်ဒေါ်လာ သန်း ၇၇၀ ရင်းနှီးမြှုပ်နှံ

**ကန်ဘာရာ အောက်တိုဘာ ၁၁**

ဩစတြေးလျနိုင်ငံ၏ စိတ်ကျန်းမာရေးစောင့်ရှောက်မှုများ လူတိုင်းလက်လှမ်းမီရရှိနိုင်မှုတိုးချဲ့နိုင်ရေးအတွက် အစိုးရက ဩစတြေးလျဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၇၇၀ ခန့်) ကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ဖြစ်သည့် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ဩစတြေးလျနိုင်ငံရှိ အရွယ်ရောက်သူငါးဦးလျှင် တစ်ဦးမှာ နှစ်စဉ်စိတ်ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နေရကြောင်း စိတ်ကျန်းမာရေးနှင့် မိမိကိုယ်ကိုအဆုံးစီရင်မှု ကာကွယ်ရေးဆိုင်ရာ လက်ထောက်ဝန်ကြီး အမ်မာ မစ်ဘရိုက်က ပြောကြားသည်။

အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် Medicare စိတ်ကျန်းမာရေးစင်တာ ၃၂ ခု တိုးချဲ့တည်ထောင်ရန် ဩစတြေးလျဒေါ်လာ ၂၆၇ ဒသမ ၃ သန်း သုံးစွဲမည့်အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျီဘူတီကမ်းလွန်ပင်လယ်ပြင်၌ သင်္ဘောတိမ်းမှောက်မှုကြောင့် ၁၀၉ ဦး သေဆုံးပြီး ၁၁၆ ဦး ပျောက်ဆုံး

**ဂျီဘူတီစီးတီး အောက်တိုဘာ ၁၁**

လူ ၃၅၀ ကို တင်ဆောင်လာသည့် သင်္ဘောတစ်စင်းသည် ဂျီဘူတီကမ်းလွန်ပင်လယ်ပြင်၌ တိမ်းမှောက်ခဲ့ရာ ကလေး ၁၅ ဦး အပါအဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၀၉ ဦး သေဆုံးပြီး ၁၁၆ ဦး ပျောက်ဆုံးနေကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့ (IOM) က အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

အဆိုပါသင်္ဘောသည် ဂျီဘူတီနိုင်ငံမှ ယီမင်နိုင်ငံသို့ ဦးတည်ခုတ်မောင်းနေစဉ် အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်ကြား ညပိုင်းတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့မှ ဝန်ထမ်းများသည် သက်ဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်း၍ အရေးပေါ်အကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ပိုလန်နိုင်ငံရှိ စာသင်ကျောင်း၌ ကျောင်းသူတစ်ဦးက ဓားဖြင့်တိုက်ခိုက်မှုကြောင့် သုံးဦး ဒဏ်ရာရရှိ

**ဝါဆော အောက်တိုဘာ ၁၁**

ပိုလန်နိုင်ငံမြို့တော် ဝါဆောရှိ စာသင်ကျောင်းတစ်ကျောင်း၌ အောက်တိုဘာ ၁၀ ရက်က ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။ ယင်းဖြစ်စဉ်သည် မကြာသေးမီရက်များအတွင်း ပိုလန်နိုင်ငံရှိ စာသင်ကျောင်းများတွင် ဆက်တိုက်ဖြစ်ပွားခဲ့သော ဓားဖြင့်တိုက်ခိုက်မှုများအနက် နောက်ဆုံးဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်သူမှာ အဆိုပါကျောင်းမှ အသက် ၂၀ နှစ်အရွယ် ကျောင်းသူတစ်ဦးဖြစ်ပြီး ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ပိုလန်သတင်းဌာန TVN24 က ဖော်ပြခဲ့သည်။ ဒဏ်ရာရရှိသူများအနက် တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အသက်အန္တရာယ်မစိုးရိမ်ရကြောင်း၊ ကျန်နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## သီရိလင်္ကာ၌ မူးယစ်ဆေးဝါးမှောင်ခိုမှုတားဆီးနှိမ်နင်းရန် ဆိပ်ကမ်းများ၌ ကွန်တိန်နာစစ်ဆေးရေးစက်များ တပ်ဆင်မည်

**ကိုလံဘို အောက်တိုဘာ ၁၁**

သီရိလင်္ကာနိုင်ငံ၌ မူးယစ်ဆေးဝါးမှောင်ခိုသမားများက နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်ရန် သင်္ဘောကွန်တိန်နာများကို ပိုမိုအသုံးပြုလာကြသဖြင့် ဆိပ်ကမ်းများတွင် ကွန်တိန်နာအတွင်း ဝှက်၍သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကိုရှာဖွေဖော်ထုတ်ရန် အထူးစစ်ဆေးရေးစက်များ တပ်ဆင်သွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးနှင့် ပါလီမန်ရေးရာဝန်ကြီး အာနန်ဒါဝီဂျီပါလာ က အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

ဆိပ်ကမ်းများ၌ စစ်ဆေးမှုများ ပိုမိုတင်းကျပ်စေရန်နှင့် တရားမဝင် မူးယစ်ဆေးဝါးများ နိုင်ငံအတွင်း ဝင်ရောက်လာခြင်းကို တားဆီးရန် စစ်ဆေးရေးစက်များ မကြာမီတပ်ဆင်အသုံးပြုသွားရန် အစိုးရက ရည်ရွယ်ထားကြောင်း ၎င်းက ပြည်တွင်းမီဒီယာများသို့ ပြောကြားသည်။

ဩဂုတ်လအတွင်း ဖမ်းဆီးရမိမှုတစ်ခုတွင် ရေချိုးခန်းသုံးပစ္စည်းများနှင့်အတူ ဝှက်ထားသော Ice ဟုခေါ်သည့်မက်သာဖက်တမင်း ပုံဆောင်ခဲမူးယစ်ဆေးဝါးအမြောက်အမြားကို ကိုလံဘိုဆိပ်ကမ်းရှိ ကွန်တိန်နာတစ်လုံးအတွင်း တွေ့ရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကျွမ်းကျင်မှုကို အခြေပြုသော ဧည့်ဝန်ဆောင်မှုလူသားအရင်းအမြစ်ဆိုသည်မှာ ...

**တစ်ခုသော နံနက်ခင်းတွင် မိတ်ဆွေရင်းတစ်ဦးက သတင်းစာဖြတ်ပိုင်းပုံပါ သတင်းဓာတ်ပုံလေးတစ်ခုကို တယ်လီဖုန်းမှတစ်ဆင့် ပေးပို့လာသည်။ အာဆီယံ အလုပ်သမားကျွမ်းကျင်မှုစံနှုန်းပြိုင်ပွဲ ၂၀၁၆ တွင် မြန်မာနိုင်ငံက ကဏ္ဍ (၁၀) ခုတွင် ပါဝင်ယှဉ်ပြိုင်မည်ဆိုသော သတင်းဓာတ်ပုံအဟောင်းလေး ဖြစ်ပါသည်။**

**စည်သူကျော်**

၂၀၁၆ စက်တင်ဘာလအတွင်းက သတင်းဖြစ်သည့်အတွက် ဆယ်နှစ်အကြာ ၂၀၂၆ တွင် အမှတ်တရ ပြန်လည်ပေးပို့လာခြင်း ဖြစ်ပေလိမ့်မည်။ မိတ်ဆွေက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ဧည့်ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှုစံနှုန်းများ သတ်မှတ်ရေးဆိုင်ရာနယ်ပယ်တွင် ထဲထဲဝင်ဝင် အာဆီယံအသိုက်အဝန်းထိတိုင်အောင် ကာလရှည်ကြာ ကြိုးပမ်းဆောင်ရွက်နေသူဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှု စံနှုန်းများသတ်မှတ်ရေးနှင့် ကျွမ်းကျင်မှု အသိအမှတ်ပြုရေးလုပ်ငန်းစဉ်များတွင် မည်မျှမည်မျှ အရေးပါသနည်းဆိုသော် လက်ရှိပြောင်းလဲဖြစ်ပေါ်နေသော ဖြစ်စဉ်အရ အဆိုပါလုပ်ငန်းစဉ်များသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ဆောင်မှု၊ တစ်နည်း ဧည့်ဝန်ဆောင်မှုကဏ္ဍ၏ အလုံးစုံ သဘောဟုဆိုရလောက်အောင် လွန်စွာမှအရေးပါသော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

ကမ္ဘာကြီး၏ ပြောင်းလဲလာသည့် အနေအထားအရ ခရီးသွားများနှင့် ခရီးသွားလုပ်ငန်း၏ အနေအထားက အကြီးအကျယ်ပြောင်းလဲဖြစ်ပေါ်ခဲ့ပြီကို အားလုံးသတိပြုမိကြပြီး ဖြစ်ပေလိမ့်မည်။ လူတို့သည် ခရီးသွားရန် တွန့်ဆုတ်ခြင်းမရှိတော့ပြီ။ ကမ္ဘာကြီးကို ကြည့်ချင်သည်။ အတွေ့အကြုံသစ်များကို လက်တွေ့လိုက်ပါလုပ်ဆောင်လာချင်သည်။ ခံစားမှုသက်သက်နယ်ပယ်ကို ကျော်လွန်ကာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ချင်လာသည်။ ခံစားမှုထက် အတွေ့အကြုံကို ဦးစားပေးလာသည်။

ခရီးတစ်ခုသွားခြင်းသည် ဆွဲဆောင်မှုတစ်ခုခုကို သွားရောက်လေ့လာကြည့်ရှုခြင်းထက် ပိုမိုသော အခြေအနေကို ရောက်ရှိလာသည်။ ခရီးစဉ်ဒေသသို့ သွားရောက်ရာတွင် ယင်းနေရာကို ရောက်ရှိရေးထက် ပိုမိုသော အတွေ့အကြုံရရှိနိုင်မည့် သွားလာမှုပုံစံကို ရွေးချယ်လာသည်။ တည်းခိုနေထိုင်ခြင်းတွင်လည်း ညအိပ်ခြင်းသက်သက်ထက်ပိုသောအရာကို လိုချင်လာသည်။ ဝန်ဆောင်မှု၊ အစားအသောက်၊ ဖျော်ဖြေမှုမှအစ ဟိုတယ်တွင်အသုံးပြုသည့် ပစ္စည်းပစ္စယများအထိ အသေးစိတ်ခံစားရွေးချယ်လာသည်။ ခရီးသွားသည် ၎င်းရရှိသည့် ဝန်ဆောင်မှုက မည်သို့သော ဝန်ဆောင်မှုမျိုးဖြစ်သည်ကိုလည်း ဆန်းစစ်သုံးသပ်လာကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍသည် ရုပ်ဝတ္ထုပစ္စည်းနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင်သာ တည်မှီနေသည် မဟုတ်တော့ဘဲ ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်ပေါ်တွင်ပါ မူတည်လာခဲ့ပြီဖြစ်ပါသည်။ ကျွမ်းကျင်မှုဟုဆိုရာ၌ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အလုပ်အကိုင်၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ထိုမှတစ်ဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုရေးဟူ၍ ယေဘုယျအားဖြင့် နှစ်ပိုင်း ခွဲခြားနိုင်မည် ဖြစ်ပါသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ လုပ်သားတစ်ဦးအနေဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတစ်ခုခုကို တက်ရောက်ပြီး သင်တန်းဆင်းလက်မှတ်ရရှိခြင်းသည် (သင်တန်းကျောင်းမှ) သတ်မှတ်ပြဋ္ဌာန်းထားသော စာတွေ့လက်တွေ့သင်ခန်းစာများကို သင်ယူပြီးစီးကြောင်း အထောက်အထားတစ်ခုအဖြစ် ပြသနိုင်သော်လည်း လုပ်ငန်းခွင်တွင် ထိုအသိပညာနှင့် ကျွမ်းကျင်မှုများကို ထိရောက်စွာ အသုံးချနိုင်ကြောင်း အလိုအလျောက် သက်သေပြခြင်းတော့ မဟုတ်ပေ။

ယနေ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုများတွင် ပြောင်းလဲချဉ်းကပ်လာသည့် ပုံသဏ္ဌာန်မှာ ရိုးရိုးသာမန်သင်တန်းပုံစံမှသည် ကျွမ်းကျင်မှုကို အခြေခံသော သင်တန်းပုံစံ (Competency Based Training) သို့ ရွေ့လျားနေခြင်းဖြစ်ပါသည်။ ဤနေရာ၌ Competency ဆိုသည်မှာ ကျွမ်းကျင်မှု၊ အသိပညာနှင့် (ဝန်ဆောင်မှုဆိုင်ရာ) စိတ်နေစိတ်ထားတို့ကို လုပ်ငန်းခွင်အတွင်း လက်တွေ့လုပ်ဆောင်နိုင်ရန် ပေါင်းစပ်ထားသော အရာဖြစ်ပါသည်။

ဆိုလိုသည်မှာ "သင်ဘာတွေ လေ့လာသင်ကြားထားပြီးပြီလဲ"ဆိုသည်ထက် "ဘာတွေကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်၍ လက်တွေ့လုပ်ဆောင်နိုင်ပြီလဲ" ဆိုသည်ကို ပိုမိုအလေးထားမျှော်မှန်းလာခြင်း ဖြစ်ပါသည်။ အခြေခံအကျဆုံးရှင်းလင်းချက်မှာ Certificate နှင့် Competency တို့ကို မရောထွေးပစ်လိုက်ခြင်းဖြစ်ပါသည်။ သင်တန်းတက်ရောက်ပြီး Certificate ရရှိထားခြင်းမှသည် Job Title အတွက် သတ်မှတ်ထားသော Competency Standard အတိုင်း လက်တွေ့ကျွမ်းကျင်ပိုင်နိုင်စွာ လက်တွေ့လုပ်ဆောင်နိုင်ခြင်းတည်းဟူသော ပန်းတိုင်ဆီသို့ ဦးတည်ခြင်းဖြစ်ပါသည်။

ဤနေရာ၌ အာဆီယံ၏ အခန်းကဏ္ဍကို ထည့်သွင်းတင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။ အာဆီယံဒေသတွင်းတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ (Tourism Professionals) များ၏ ကျွမ်းကျင်မှုကို ဒေသတွင်း နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ နှိုင်းယှဉ်အသိအမှတ်ပြုနိုင်ရေးအတွက် ASEAN Common Competency Standards for Tourism Professionals (ACCSTP) ကို ဖော်ဆောင်ထားပြီးဖြစ်ပါသည်။ ACCSTP သည် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများအတွက် လိုအပ်သော Knowledge၊ Skill၊ Attitude တို့ကို သတ်မှတ်ပေးပြီး အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်မှုများကို အကဲဖြတ်ခြင်း၊ အသိအမှတ်ပြုခြင်းတို့ကို လုပ်ဆောင်နိုင်စေရန် ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်ပါသည်။

ASEAN Tourism Curriculum and Qualifications Framework တွင်လည်း Hotel Services နှင့် Travel Services အတွက် Certificate II မှ Advanced Diploma အထိ Qualification Levels များကို သတ်မှတ်ထားပြီးဖြစ်ပါသည်။ ယင်း၏ အဓိကရည်ရွယ်ချက်မှာ Certificate များ ထုတ်ပေးရုံမဟုတ်ဘဲ ကျွမ်းကျင်မှုစံနှုန်းများကို ဒေသတစ်ခုလုံးအတိုင်းအတာဖြင့် ကိုက်ညီမှုရှိစေရန်နှင့် ကျွမ်းကျင်လုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရွေ့ပြောင်းလုပ်ကိုင်နိုင်မှုကို အထောက်အကူပြုစေရန် ဖြစ်ပါသည်။

ဆက်လက်ဖော်ပြရမည်မှာ ASEAN Mutual Recognition Arrangement on Tourism Professionals အာဆီယံခရီးသွား လုပ်ငန်းကျွမ်းကျင်သူများ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်ဖြစ်သည်။ အာဆီယံ၏ Mutual Recognition Arrangement on Tourism Professionals (အတိုကောက် MRA-TP)သည် ကျွမ်းကျင်မှုအသိအမှတ်ပြုရေးလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ MRA-TP ၏ ရည်ရွယ်ချက်များတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ ဒေသတွင်း လွယ်ကူလွတ်လပ်စွာ ရွေ့ပြောင်းလုပ်ကိုင်နိုင်မှုကို အထောက်အကူပြုခြင်း၊ Competency based Education and Training ဆိုင်ရာ အတွေ့အကြုံကောင်းများကို အပြန်အလှန်ဖလှယ်ခြင်းနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုပါဝင်ပါသည်။

ထို့ကြောင့် အလုပ်အကိုင်ကျွမ်းကျင်မှု အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်သည် မိမိလုပ်ကိုင်နေသည့် ဟိုတယ်(သို့မဟုတ်)ခရီးသွားလုပ်ငန်းနယ်ပယ် အဝန်းအဝိုင်းအတွင်းတွင်သာ အသိအမှတ်ပြုခံရခြင်းအတွက်သာ မဟုတ်တော့ဘဲ နိုင်ငံအဆင့်မှသည် ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်သို့ တိုးမြှင့်အသိအမှတ်ပြုခံရသည့် လူသားအရင်းအမြစ်တစ်ရပ်အဖြစ် ပေါ်ထွက်လာမည်ဖြစ်ပါသည်။

အထက်နိဒါန်းတွင် ဖော်ပြခဲ့သော အာဆီယံ အလုပ်သမားကျွမ်းကျင်မှုစံနှုန်းပြိုင်ပွဲ၏ အခန်းကဏ္ဍသည် ဤနေရာတွင် အဓိကပါဝင်လာပြီဖြစ်ပါသည်။ ကျွမ်းကျင်မှုစံနှုန်းပြိုင်ပွဲ Skills Competition သည် ဆုတံဆိပ်၊ လက်မှတ်ရရှိရုံထက် ပိုမိုအဓိပ္ပာယ်အနှစ်သာရပြည့်ဝသော ပြိုင်ပွဲတစ်ခုဖြစ်ပါသည်။

ကျွမ်းကျင်မှုစံနှုန်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊ အကဲဖြတ်ခြင်း၊ ပါဝင်ယှဉ်ပြိုင်သော နိုင်ငံများအကြား Benchmarking ပြုလုပ်ခြင်း၊ သင်ရိုးညွှန်းတမ်းများကို တိုးတက်စေခြင်းနှင့် လူငယ်များအကြား သက်မွေးပညာရပ်ကျွမ်းကျင်မှုတန်ဖိုးကို မြှင့်တင်ခြင်းတို့နှင့် ချိတ်ဆက်ပေးနိုင်သည့် Skills Development Mechanism တစ်ခု ဖြစ်ပါသည်။ အာဆီယံတွင် ကျွမ်းကျင်မှုပြိုင်ပွဲများကို ကျွမ်းကျင်မှုစံနှုန်း၊ လေ့ကျင့်သင်ကြားရေးအစီအစဉ်နှင့် သင်ရိုးညွှန်းတမ်းများ၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်တို့နှင့် ချိတ်ဆက်ဖော်ဆောင်ထားသည်။

ထို့ကြောင့် ပြိုင်ပွဲ၏ အကျိုးကျေးဇူးသည် ပြိုင်ပွဲဝင် တစ်ဦးချင်းစီအတွက်သာမက ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးစက်ဝန်း တစ်ခုလုံးအတွက်ပါ သက်ရောက်မှုရှိစေပါသည်။ အာဆီယံကျွမ်းကျင်မှုစံနှုန်းပြိုင်ပွဲ (WorldSkills ASEAN ဟုလည်းသုံးနှုန်းပါသည်။) ကို ၁၉၉၅ ခုနှစ်က မလေးရှားနိုင်ငံတွင် စတင်ကျင်းပခဲ့ပြီး စတင်ကျင်းပချိန်က ကျွမ်းကျင်မှုနယ်ပယ် ခြောက်ခုဖြင့်သာ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ပြိုင်ပွဲကို နှစ်နှစ် တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော ပြိုင်ပွဲတွင် ကျွမ်းကျင်မှုနယ်ပယ် ၃၂ ခုအထိ ပါဝင်လာခဲ့ပြီဖြစ်ပါသည်။ ဤသည်ကို လေ့လာကြည့်ခြင်းအားဖြင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၊ အသိအမှတ်ပြုခြင်း လုပ်ငန်းစဉ်သည် တစ်နေရာတည်းတွင် ရပ်တန့်မနေဘဲ အစဉ်တစိုက်ပြောင်းလဲဖြစ်ပေါ် တိုးတက်နေသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြောင်းလဲဖြစ်ပေါ်လာသည့် အနေအထားတစ်ရပ်အရ ခရီးသွားလုပ်ငန်း၏ အရည်အသွေး (Quality Tourism ဟုဆိုသော်ဆိုပါ။)သည် ခရီးသွားဆွဲဆောင်မှု တစ်ခုတည်းပေါ်တွင် လုံးလုံးလျားလျားမှီခိုမှု မပြုတော့သည်ကို သတိပြုရမည် ဖြစ်ပါသည်။

ဟိုတယ်တစ်လုံးသည်ပင်လျှင် ခရီးသွားလုပ်ငန်း/ ခရီးစဉ်ဒေသတစ်ခု၏ အစိတ်အပိုင်းတစ်ခုမဟုတ်တော့ဘဲ ယင်းကိုယ်တိုင်ကပင်လျှင် ခရီးသွားဆွဲဆောင်မှုတစ်ခု ဖြစ်နေတတ်ပါသည်။ ဥပမာ Resort Hotel တစ်ခုသို့ သွားရောက်၍ အနားယူအပန်းဖြေခြင်း၊ ဟိုတယ်တွင် သွားရောက်တည်းခို၍ အဆင့်မြင့်ဝန်ဆောင်မှုများကို လက်တွေ့ခံစားရယူခြင်းတို့ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ဧည့်ဝန်ဆောင်မှုကဏ္ဍတွင် ကျွမ်းကျင်လုပ်သားများ ပိုမိုတိုးတက်များပြားလာစေရန် သင်တန်းအရေအတွက် တိုးမြှင့်ခြင်းတစ်ခုတည်းဖြင့် လုံလောက်မည်မဟုတ်ပေ။သင်တန်းများ၏ အရည်အသွေး၊ လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီမှု၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း၏ ယုံကြည်စိတ်ချရမှု၊ အသိအမှတ်ပြုလက်မှတ်၏ တန်ဖိုးတို့ကိုပါ မြှင့်တင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ယင်းသို့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှုအရည်အသွေး စစ်ဆေးအကဲဖြတ်ခြင်းတို့ကို စနစ်တကျအကောင်အထည်ဖော်နိုင်မည်ဆိုပါက လုပ်သားတစ်ဦး၏ ကျွမ်းကျင်မှုသည် ယင်း၏ လုပ်ငန်းခွင်အတွင်းတွင်သာမက အမျိုးသားအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်တွင်ပါ အသိအမှတ်ပြုခြင်းခံရမည်ဖြစ်ပါသည်။

ကျွမ်းကျင်မှုအသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍ RPL ဟုခေါ်သော Recognition for Prior Learningကို ပိုမိုအသုံးချလာနိုင်မှုရှိရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ လုပ်ငန်းခွင်အတွေ့အကြုံရှိသော်လည်း အသိအမှတ်ပြုလက်မှတ် တစ်စုံတစ်ရာ ရရှိထားခြင်း မရှိသေးသော ဝန်ထမ်းများအတွက် ၎င်းတို့၏ လက်တွေ့ကျွမ်းကျင်မှုကို စနစ်တကျအကဲဖြတ်အသိအမှတ်ပြုနိုင်ပါက ကျွမ်းကျင်လုပ်သားအင်အားကို ပိုမိုတိကျစွာ ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာလုပ်သားတစ်ဦးသည် ပထမအဆင့်အနေဖြင့် သင်တန်းတက်ရောက်ပြီးစီးသူဖြစ်စေရန်၊ ဒုတိယအဆင့် မိမိအလုပ်အကိုင်ကို သတ်မှတ်စံနှုန်းများနှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်သူဖြစ်စေရန်၊ တတိယအဆင့် ထိုကျွမ်းကျင်မှုကို အသိအမှတ်ပြုခံနိုင်သော လုပ်သားများဖြစ်စေရန် ကြိုးပမ်းတက်လှမ်းကြရမည်ဖြစ်ပါသည်။

အဆိုပါ အဆင့်သုံးဆင့်တွင် ပထမအဆင့်သည် သင်တန်းတက်ရောက်ရန် မိမိကိုယ်တိုင်က အားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒုတိယအဆင့်တွင် လုပ်သားတစ်ဦးသည် ကျွမ်းကျင်လုပ်သားဖြစ်လာစေရန် အလုပ်ရှင်၏ ပံ့ပိုးအားပေးကူညီမှုကို လိုအပ်လာမည်ဖြစ်ပါသည်။ တတိယအဆင့်ဖြစ်သော အလုပ်သမား၏ ကျွမ်းကျင်မှုအသိအမှတ်ပြုမှုလုပ်ငန်းစဉ်တွင်မူ အလုပ်ရှင်၊ အလုပ်သမားသာမက အစိုးရပိုင်းကပါ ပါဝင်ဆောင်ရွက်ပေးရသည့် အနေအထားအထိ ကျယ်ပြန့်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် ဧည့်ဝန်ဆောင်မှုကဏ္ဍ၏ အလုံးစုံသဘောကို အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးဦးသုံးဖလှယ် ဖြန့်ကြက်ကြိုးပမ်းဆောင်ရွက်မှသာ ကောင်းမွန်သောအရွေ့တစ်ခုကိုပြန်လည်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **❝ ကျွမ်းကျင်မှုအသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍ RPL ဟုခေါ်သော Recognition for Prior Learning ကို ပိုမိုအသုံးချလာနိုင်မှုရှိရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ လုပ်ငန်းခွင်အတွေ့အကြုံရှိသော်လည်း အသိအမှတ်ပြုလက်မှတ်တစ်စုံတစ်ရာရရှိထားခြင်း မရှိသေးသော ဝန်ထမ်းများအတွက် ၎င်းတို့၏ လက်တွေ့ကျွမ်းကျင်မှုကို စနစ်တကျအကဲဖြတ် အသိအမှတ်ပြုနိုင်ပါက ကျွမ်းကျင်လုပ်သားအင်အားကို ပိုမိုတိကျစွာ ဖော်ထုတ်နိုင်မည် ❞**

# ရေဘေးသင့် လေးမျက်နှာဒေသ ပြန်လည်ထူထောင်ရေး

မြင့်စိုး(နတလ)

### သဘာဝဘေး စတင်ဖြစ်ပေါ်မှု

ရော၀တီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျွန်းတဲရွာနှင့် ဂျမ်းကုန်းရွာအနီးရှိ မြစ်ကျိုးအင်း၏ အောက်ခံသဲကြောပေါ်တွင် တည်ဆောက်ထားသော ၀ဝန်ပန်းတာသည် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ ညပိုင်းက ထူးပေါက်မှ ရေစိမ့်ထွက်ကာ နောက်တစ်နေ့နံနက်တွင် ပန်းတာကျိုးပေါက်၍ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၁၉ အုပ်စုသို့ မြစ်ရေများ ဝင်ရောက်ခဲ့သည်။

အရှိန်အဟုန်ဖြင့် တိုးဝင်လာခြင်းမဟုတ်၍လည်းကောင်း၊ တာဝန်ရှိသူများ၏ ဆော်ဩမှု၊ ပရဟိတအကျိုးဆောင်လူငယ်လူရွယ်များနှင့် မြို့နယ်ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များက ဘေးလွတ်ရာသို့ လျင်မြန်စွာ ရွှေ့ပြောင်းပေးနိုင်ခြင်းကြောင့်လည်းကောင်း၊ ရေဘေးအန္တရာယ်ဖြင့် အသက်ဆုံးရှုံးမှုများ၊ ကျွဲ၊ နွား အစရှိသည့် တိရစ္ဆာန်သေဆုံးပျောက်ဆုံးမှုများ မရှိသလောက် နည်းပါးခဲ့ပါသည်။

ရက်အတန်ငယ်ကြာသောအခါမှသာ မတော်တဆမှုများ ဖြစ်ပေါ်၍ အသက်ဆုံးရှုံးသွားသူ လေးဦးရှိကြောင်း သိရသည်။ ရေအရှိန်မများသော်ငြားလည်း စိမ့်ဝင်မှုပမာဏများလာသောအခါ နေအိမ်များ နစ်မြုပ်ခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ ပိတ်ထားရခြင်း၊ ကားလမ်းများရေကျော်၍ လမ်းပန်းဆက်သွယ်ရေး ယာယီပြတ်တောက်သွားခြင်း၊ စပါးခင်းနှင့် ပီလောပီနံစိုက်ခင်းများ ရေမြုပ်သွားခြင်းတို့အပြင် ဆက်စပ်မြို့နယ်ဖြစ်သော ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်များအတွင်းရှိ မြို့ရွာအချို့ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားခဲ့ကြရသည်။ ရေထုပမာဏ ကျယ်ပြန့်သွားခဲ့ရသည်။

### ကြုံခဲ့ဖူးသောသဘာဝဘေးများနှင့် တုံ့ပြန်ဆောင်ရွက်မှုများ

စာရေးသူ ကျွန်တော်ကိုယ်တိုင် မြစ်ဝကျွန်းပေါ်သားလည်းဖြစ်၊ ယခုရေဘေးသင့်ခဲ့သည့် လေးမျက်နှာမြို့နယ်၊ စိန်တောင်ကျေးရွာ ဇာတိဖွားလည်းဖြစ်ခဲ့သောကြောင့် ငယ်စဉ်ကလေးဘဝ ဝဝန်မြစ်ရေကြီးမှုများနှင့် ကြုံတွေ့ခဲ့ရဖူးသော်ငြားလည်း မပြောပလောက်ပါ၊ သဘာဝဘေးမည်ကာမတ္တမျှလောက်သာ။ ၁၉၉၁ ခုနှစ် လေးမျက်နှာမြို့နယ် ထိန်ငူကျေးရွာအနီး တာကျိုးခဲ့စဉ်မတော့ ဌာနဆိုင်ရာတာဝန်များဖြင့် အခြားမြို့ရွာများသို့ ရောက်ရှိနေခဲ့သည်။ ယင်းကာလမှာလည်း မြို့နယ်ကိုးမြို့နယ်အထိ ရေဘေးကြုံတွေ့ခဲ့ကြရကြောင်း သိရသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြီးဝင်ရောက်တိုက်ခတ်မှုကြောင့် ရော၀တီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကြီးမားသောထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့စဉ်မှာ နယ်စပ် / စည်ပင်ဝန်ကြီးဌာန နတလဝန်ထမ်းဘဝဖြင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။

ထဲထဲဝင်ဝင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရခဲ့သော သဘာဝဘေးဖြစ်စဉ်များမှာ ၂၀၂၃ ခုနှစ် မေလအတွင်း မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်အနက် မြောက်ပိုင်းဒေသ ၁၀ မြို့နယ် သဘာဝဘေးသင့်ခဲ့စဉ်ကလည်းကောင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဝင်ရောက်လာသော ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ နေပြည်တော် တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့ရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခဲ့စဉ်ကလည်းကောင်း၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြင်းအားရစ်ချ်စတာစကေး ၇ ဒသမ ၇ ရှိ မန္တလေးလျှောင်ကြီး လှုပ်ခတ်သွားပြီး မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဘေးဒုက္ခများ ကြုံတွေ့ကြရချိန်၌ လည်းကောင်း နိုင်ငံ့ဝန်ထမ်းဘဝဖြင့် ပါဝင်ကူညီဆောင်ရွက်ခွင့်ရခဲ့သည်။

ယင်းကဲ့သို့ သဘာဝဘေးများကြုံလာရချိန်တွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များနှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခဲ့သော လုပ်ငန်းများစွာထဲမှ မြင်သာသော လုပ်ငန်းများမှာ လမ်းနှင့်တံတား ပျက်စီးမှုများ၊ ရထားလမ်း၊ ကားလမ်းနှင့် လေဆိပ်များအပါအဝင် ပြန်လည်ပြုပြင် တည်ဆောက်ပေးခြင်း၊ လျှပ်စစ်မီးလိုင်းများ ပြန်လည်ကောင်းမွန်ရေး၊ ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ချိတ်ဆက်နိုင်ရေး၊ ပြန်ကြားရေးဆိုင်ရာ အစီအစဉ်များ ပြန်လည်အသက်ဝင်စေရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာဆေးရုံ၊ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အလျင်အမြန်ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရန်အတွက် ထွန်စက်စခန်းများဖွင့်လှစ်၍ ထွန်ယက်ပေးခြင်း၊ မျိုး၊ မြေဩဇာများ ကူညီပံ့ပိုးပေးခြင်း နည်းပညာအပါအဝင် ခါတ်ခွဲရန်လိုအပ်သော မြေအမျိုးအစားနမူနာများ ပေးပို့ဆောင်ရွက်ခြင်း၊ ဘုရားပုထိုးစေတီများ၊ ဘုန်းတော်ကြီးကျောင်းများအပါအဝင် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်ဆုံးပါးသွားရသည့် မိသားစုဝင်များအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း စသည်တို့ဖြစ်သည်။

ယင်းကဲ့သို့သော လုပ်ငန်းများအပြင် နိုင်ငံတကာမှ ရရှိသည့် အကူအညီများအနေဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခြင်း၊ ဆေးဝါးနှင့်အစားအစာ၊ လူသုံးပစ္စည်းများ ပေးပို့လှူဒါန်းခြင်း၊ ငွေကြေးများပေးပို့လှူဒါန်းခြင်းတို့ကို တွေ့ရှိရမည်ဖြစ်သည်။ မည်သည့်အချိန် မည်သည့်နေရာတွင်ဖြစ်စေ မိမိတို့တိုင်းရင်းသားသွေးချင်းများ သဘာဝဘေးတစ်ခုခုနှင့် ကြုံတွေ့ရသည့်အခါတိုင်း စေတနာရှင် အလှူရှင် ရဟန်းရှင် လူပြည်သူအပေါင်းတို့၏ စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းကူညီဆောင်ရွက်ပေးမှုများကိုလည်း မမေ့သင့်ပေ။

အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းကျရောက်ခဲ့စဉ်က သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းဘဝဖြင့် ၆၅ ရက်ကြာ သွားရောက်ကူညီဆောင်ရွက်ခွင့် ရခဲ့ပေရာ ထိုစဉ်ကာလ ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များ၊ စေတနာရှင်အလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၏ လှူဒါန်းကူညီဆောင်ရွက်ခဲ့မှုများကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိခဲ့ရသည်။

> **“ရော၀တီတိုင်းဒေသကြီးအတွင်း လေးမျက်နှာ၊ ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့အတွင်း ရေမြုပ်စိုက်ပျိုးမြေ စုစုပေါင်း ဧက ၅၇၀၀၀ ခန့်ရှိကြောင်း၊ ယင်းတို့အနက် ရေကျသွားချိန်တွင် စပါးပြန်လည်စိုက်ပျိုးနိုင်သော နေရာများတွင် စပါးကို ဦးစားပေးပြန်လည်စိုက်ပျိုးရန်၊ အောင်ရေ မရနိုင်သော လယ်မြေများတွင်မှု မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်နှင့် နေကြာများစိုက်ပျိုးရန်ဖြစ်ကြောင်း၊ လတ်တလောအားဖြင့် စပါးစိုက်ဧက ၁၀၇၉၈ ဧက သတ်မှတ်ထားပြီး ကောက်စိုက်စက်ဖြင့် ၁၀၃၅ ဧက၊ အစေ့ချစနစ်ဖြင့် ဧက ၂၀၀၀၊ ကြဲစနစ်ဖြင့် ၇၇၃၆ ဧက စိုက်ပျိုးရန် လျာထားကြောင်း၊ ယင်းသို့စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ၂ ဒသမ ၆ ဘီလီယံ ခွင့်ပြုထားပြီးဖြစ်ရာ မတ်ပဲနှင့်ပဲတီစိမ်းမျိုးများ ဝယ်ယူစုဆောင်းထားပြီးဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဖြန့်ဝေစိုက်ပျိုးသွားမည်”**

### လေးမျက်နှာရေဘေးအတွက် ကူညီဆောင်ရွက်ပေးမှုများ

မြစ်ကျိုးအင်းပန်းတာ ကျိုးပေါက်သွားသည့်နေရာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ပြန်လည်ကြိုးပမ်းပိတ်ဆို့ နေရာမှ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ နိုင်ငံတော်သမ္မတ၏ ခရီးစဉ်အတွင်း လာရောက်ကြည့်ရှုလမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းတံတားအထူးအဖွဲ့၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများကပါ ဝိုင်းဝန်းပူးပေါင်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အကြံဉာဏ်များကို ရယူ၍လည်းကောင်း၊ Geo bag နှင့် Jumbo bag သဲအိတ်ကြီးများချခြင်း၊ တာကျိုးပေါက်တည့်တည့်တွင် ရေစီးအားကြောင့် မူလဝဝန်မြစ်၏ အောက်ခြေမျက်နှာပြင်ထက် ပိုမိုနက်ရှိုင်းသွားပေရာ ၎င်းနေရာ၌ စွန့်ပစ်ရေယာဉ်ဟောင်းကြီးများထဲသို့ သဲအိတ်များထည့်၍ နစ်မြုပ်ပေးခြင်း၊ Steel Sheet Pile များရိုက်ခြင်း၊ ရေစီးနှုန်းကို ထိန်းရန်အတွက် အရန်အတားများ တည်ဆောက်ခြင်း စသည်တို့ကို နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကလည်း ရေဘေးသင့်ပြည်သူများ၏ဒုက္ခကို စာနာနားလည်ထားသည့်အားလျော်စွာ အပင်ပန်းခံ၍ ကူညီဆောင်ရွက်ပေးကြသည်။

နေ့ညကြီးကြပ်ဆောင်ရွက်နေကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပူမိုးရွာမရှောင် လုပ်အားဒါနပြုနေကြသူများ၏ စေတနာကို တုံ့ပြန်သောအားဖြင့် စေတနာရှင်အလှူရှင်များကလည်း ထမင်းဟင်း၊ အစားအသောက်များ လာရောက်လှူဒါန်းကျွေးမွေးခဲ့ကြသည်။ စာရေးသူ ကျွန်တော်ပင်လျှင် လူ ၃၅၀ စာအတွက် ကြက်သားဟင်းဖြင့် နှစ်ကြိမ်သွားရောက်လှူဒါန်းခဲ့ပါသည်။

ယင်းကဲ့သို့ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရင်း စက်တင်ဘာလ ၈ ရက်နေ့တွင် Steel Sheet Pile များကို အပြီးသတ်ရိုက်သွင်း၍ ရေဝင်မှုထိန်းချုပ်နိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့သော်ငြားလည်း ထိုရက်များတွင် မြစ်ရေထပ်မံမြင့်တက်လာပြီး ထွက်ပေါက်ပေးထားသောနေရာများသို့ ဖိအားများပြားလာကာ Steel Sheet Pile အချို့ပွင့်သွားခဲ့သည်။ သို့သော် လုပ်ငန်းများ ရပ်တန့်ခြင်းမပြုဘဲ ဆက်လက်ဆောင်ရွက်ခဲ့ကြရာ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဝဝန်မြစ်ရေကို အပြီးတိုင်ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည်။ ဝဝန်ကို ကျွန်တော်တို့အောင်နိုင်ခဲ့ပြီ။

မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာအုပ်စုကျေးရွာများ၊ စိုက်ခင်းများသို့ ဝင်ရောက်နေသော မြစ်ရေများသည်လည်း စက်တင်ဘာလ တတိယပတ်မှစတင်၍ တရိပ်ရိပ်ကျဆင်းလာလျက်ရှိရာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ အပြီးသတ်ရပ်နားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန် စတင်ဆောင်ရွက်ခဲ့ကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယာယီနေရပ်စွန့်ခွာစခန်းများမှ မိမိတို့နေအိမ်များသို့ ပြန်လည်ထွက်ခွာလာကြသော ဒေသခံပြည်သူများအား ရွှေ့ပြောင်းနေရာချထားပေးခြင်း၊ ပစ္စည်းများသယ်ယူပေးခြင်း၊ ဘုရားကျောင်းကန်စေတီပုထိုးများ၊ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံဆေးခန်းနှင့် စာသင်ကျောင်းများပေါ်တွင် တင်ကျန်ရစ်သော နုန်းများကို သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ယာယီနေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ လေးမယ်ထုတ်ပေးခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် မြင်းကောင်ရေ ၂၂ ကောင်အား ၆ လက်မရေစုပ်ပိုက်သုံး ရေစုပ်စက်ကြီး ကိုးလုံး၊ ဆိုလာသုံးရေစုပ်စက်တစ်လုံး၊ ပေါင်း ၁၀ လုံးဖြင့် ရပ်ကွက်ငါးခုအတွင်းမှ ရေများ စုပ်ထုတ်ပေးခဲ့သည်။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း ရေသန့်စက်ကြီးများ၊ ရေသယ်ယာဉ်များဖြင့်ဖြန့်ဝေပေးနေသကဲ့သို့ ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ရေတွင်းများကို တွင်းဆေးတွင်းမှုတ်ပြုလုပ်သန့်စင်ပေးခဲ့ကြသည်။

လေးမျက်နှာမြို့ ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စုများအတွင်း လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် လျှပ်စစ်နှင့်စမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများက နယ်မြေဒေသများခွဲ၍ အလျင်အမြန်ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။ ဟင်္သာတမှ သွယ်တန်းလာသော လျှပ်စစ်မီးသည် တလုတ္တော်မှတစ်ဆင့် လေးမျက်နှာမြို့သို့ ဝင်ရောက်လာပြီး ထိုမှ အိုင်သပြူ၊ ခမောက်စုကျေးရွာအုပ်စုများသို့ ရောက်ရှိမည်ဖြစ်ပါသည်။

လျှပ်စစ်မီးအမြန်ရရှိမှသာ ဆေးရုံ၊ ဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင်ပြေစေမည်ဖြစ်ပြီး စာသင်ကျောင်းများ၏ ပညာရေးကဏ္ဍ၊ မြို့ရွာများ၏ သောက်သုံးရေကဏ္ဍတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ ရေကြီးနစ်မြုပ်ကာလအတွင်း အခြေခံပညာကျောင်းများ ၄၃ ကျောင်း ယာယီပိတ်ထားခဲ့ရာမှ ပြီးခဲ့သည့် စက်တင်ဘာလ နောက်ဆုံးပတ်မှာပင် ကျောင်းအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

# စလင်းမြို့နယ်၌ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များ ဆက်ကပ်

**စလင်း အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များ ဆက်ကပ်ဆောင်ရွက်ခြင်းကို ယမန်နေ့က စလင်းမြို့ စာစီကျောင်းရပ်ကွက် စိန်ပန်းကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ UID ကတ်များ ဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးကာ ဆောင်ရွက်ပြီးစီးသည့် UID ကတ်များကို ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များထံ ဆက်ကပ်ပေးခဲ့သည်။

စလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား အောက်တိုဘာ ၁၀ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယနေ့တွင် သံဃာတော်များနှင့် သီလရှင် စုစုပေါင်း ၁၉၂ ပါးအား ဆက်ကပ်ခဲ့သည်။ **မောင်လွင်(စလင်း)**



## အသိပေးကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခြေလျင်ဖြင့် သွားလာသူများသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျား (သို့မဟုတ်) ခွင့်ပြုထားသည့်နေရာ စသည်တို့မှသာ ဖြတ်ကူးရမည်ဖြစ်သဖြင့် စည်းကမ်းလိုက်နာမှု မရှိပါက ၁၂.၁၀.၂၀၂၆ ရက်နေ့မှစတင်၍ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်အန္တရာယ်၊**
**လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ**

# ချောင်းဆုံမြို့နယ်၌ မြေထိန်းနံရံတည်ဆောက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၁၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် တာဝန်ရှိသူများက ယမန်နေ့က မရမ်းကျေးရွာရှိ ရေပေးဝေရေးလုပ်ငန်းနှင့် ကွမ်သဲကျေးရွာ မြေထိန်းနံရံ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဆောင်ရွက်နေသည့် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မည့် ဂါလန် ၁၂၀၀ ဆံ့ ရေစင်ဆောင်ရွက်နေမှုနှင့် မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုကာ သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အတိုင်းအတာများ ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေးအတွက် အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။

**ကိုကျော်(ချောင်းဆုံ)**



# လက်ပံတန်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**လက်ပံတန်း အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ၁ လမ်း မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။**(အပေါ်ပုံ)**

သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် သရုပ်ပြမီးငြိမ်းသတ်ခြင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်၏ ကြီးကြပ်မှုဖြင့် ရေပက်ဖျန်းမီးငြိမ်းသတ် သရုပ်ပြခြင်းများကို သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အသေးစားမီးသတ်စက်များ၊ မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဈေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလောမြို့နယ် မြင်းမထိကျေးရွာ၌ ဘောလုံးကွင်းသစ်ဖွင့်ပွဲနှင့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

**ကလော အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် မြင်းမထိကျေးရွာ၌ ဘောလုံးကွင်းသစ်ဖွင့်ပွဲ၊ အသက်(၁၅)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲနှင့် အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ ပြည်နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းနှင့် တာဝန်ရှိသူများက ဘောလုံးကွင်းသစ်ဖွင့်ပွဲနှင့် ပြိုင်ပွဲများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဘောလုံးများနှင့် ထောက်ပံ့ငွေပေးအပ်ပြီး ဓနုတိုင်းရင်းသားတိုင်းရင်းသူများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ကွင်းဖွင့်ပွဲအမှတ်တရအဆိုတော် ဟန်ထွန်း ဦးဆောင်



သည့် ရှမ်းဂီတအသင်းနှင့် မြင်းမထိ လက်ရွေးစင်ဟောင်းများအသင်း၊ အလွတ်တန်း ဖိတ်ခေါ်ပွဲအဖြစ် မြင်းမထိ FC အသင်းနှင့် လမိုင်းFC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါ အသက် (၁၅) နှစ်အောက်ပြိုင်ပွဲတွင် ဘောလုံးအသင်း ၃၂ သင်းနှင့် အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ၆၄ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

*စာမျက်နှာ ၁၆ မှ*

ထို့ပြင် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် အခြေခံပညာအထက်တန်းကျောင်းများရှိ Grade-12 ကျောင်းသားကျောင်းသူများအား Camp သွင်း၍ နောက်ကျသင်ခန်းစာများ ပြန်လည်သင်ကြားပို့ချပေးနေသည်ကို တွေ့ရှိရသဖြင့် ကျောင်းသား ကျောင်းသူများ၏ မိဘများနှင့် ထပ်တူကျေးဇူးတင်ဝမ်းမြောက်မိပါသည်။ ကျန်းမာရေးကဏ္ဍတွင် လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံ၊ အိုင်သပြုတိုက်နယ်ဆေးရုံတို့ကိုလည်း စက်တင်ဘာလ နောက်ဆုံးပတ်တွင် ပြန်လည်ဖွင့်လှစ် ကုသပေးနေကြပြီဖြစ်သည်။

**စိုက်ပျိုးရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု**

ဧရာဝတီတိုင်းဒေသကြီးအတွင်း လေးမျက်နှာ၊ ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့အတွင်း ရေမြုပ်စိုက်ပျိုးမြေစုစုပေါင်း ဧက ၅၇၀၀၀ ခန့်ရှိကြောင်း၊ ယင်းတို့အနက် ရေကျသွားချိန်တွင် စပါးပြန်လည်စိုက်ပျိုးနိုင်သော နေရာများတွင် စပါးကို ဦးစားပေးပြန်လည်စိုက်ပျိုးရန်၊ အောင်ရေမရနိုင်သော လယ်မြေများတွင်မူ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်နှင့် နေကြာများ စိုက်ပျိုးရန်ဖြစ်ကြောင်း၊ လတ်တလောအားဖြင့် စပါးစိုက်ဧက ၁၀၇၉၈ ဧက သတ်မှတ်ထားပြီး ကောက်စိုက်စက်ဖြင့် ၁၀၃၅ ဧက၊ အစေ့ချစနစ်ဖြင့် ဧက ၂၀၀၀၊ ကြဲစနစ်ဖြင့် ၇၇၃၆ ဧက စိုက်ပျိုးရန်လျာထားကြောင်း၊ ယင်းသို့စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ၂ ဒသမ ၆ ဘီလီယံ ခွင့်ပြုထားပြီးဖြစ်ရာ မတ်ပဲနှင့်ပဲတီစိမ်းမျိုးများ ဝယ်ယူစုဆောင်းထားပြီးဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လေးမျက်နှာမြို့နယ်အနေဖြင့် စပါးစိုက်ဧက ၁၅၀၀၀ ခန့်၊ ပီလောပီနံစိုက်ဧက ၁၅၀၀ ခန့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သည်။ အောင်ရေရနိုင်သောနေရာအချို့နှင့် တွင်းတိမ်တူးပေးနိုင်သောနေရာများတွင် စပါးပြန်လည်စိုက်ပျိုးကြမည်ဖြစ်ပြီး ကျန်တောင်သူများအနေဖြင့် မတ်ပဲနှင့်ပဲတီစိမ်း စိုက်ပျိုးရေးကို အားပြုကြမည်ဖြစ်ပါသည်။ ပဲပုပ်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ရင်းနှီးမှုမရှိကြသော်လည်း စမ်းသပ်စိုက်ပျိုးကြည့်လိုသည့် တောင်သူများလည်း ရှိပါသည်။ နည်းပညာကူညီပံ့ပိုးပေးရန် လိုအပ်ပါမည်။

**အကြံပြုတင်ပြလိုသည်မှာ**

ဆန်စပါး ဦးစားပေးစိုက်ပျိုးနိုင်ရန်အတွက် အောင်ရေမရသော နေရာဒေသများ၌ တွင်းတိမ်/တွင်းနက်များ တူးဖော်ပေးရန်၊ ဆိုလာစနစ်ကူညီပေးရန်၊ တစ်လုံးထိုးအင်ဂျင်များဖြင့် အသုံးပြုရေစုပ်ယူရမည်ဆိုပါက စက်သုံးဆီပံ့ပိုးပေးရန် စသည့် လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။

သို့သော် ယင်းကဲ့သို့ ကူညီပံ့ပိုးပေးနိုင်ပါက လာမည့်နှစ်များတွင် စပါးသီးထပ် (သို့မဟုတ်) အခြားသီးနှံများ သီးထပ်စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေကို အဆင်ပြေအောင် စီစဉ်ဖန်တီးပေးနိုင်မှုကြောင့် နေပြည်တော်ပတ်ဝန်းကျင်ကျေးရွာများ၌ ပန်းဂေါ်ဖီ၊ ပြောင်း၊ ငရုတ် အစရှိသည့်သီးနှံများ သီးထပ်စိုက်ပျိုး၍ တစ်ဧကလယ်မြေမှ သိန်း ၇၀/၈၀ ထိ ဝင်ငွေရရှိနေကြောင်း တွေ့ခဲ့ရသည်။ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းမှာလည်း ဆိုလာစိုက်ပျိုးရေဖြင့် တစ်နှစ်လျှင် စပါး သုံးသီး (သက်ငယ်စပါးမျိုး) စိုက်ပျိုးထားကြောင်း တွေ့မြင်ခဲ့ရဖူးသည်။

အောင်ရေမရနိုင်သော တောင်သူများအနေဖြင့်မူ မတ်ပဲနှင့်ပဲတီစိမ်းကို အားပြုစိုက်ပျိုးရန် မျှော်လင့်နေကြကြောင်း သိရှိရပါသည်။ နယ်မြေဒေသနှင့် ရာသီဥတုအခြေအနေအရ စိုက်ပျိုးရာသီမှာ အောက်တိုဘာလ ၁၅ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်နေ့အတွင်း ထွန်ယက်စိုက်ပျိုးကြရမည်ဖြစ်သည်။ မည်သည့်စနစ်ဖြင့် ထွန်ယက်ပေးမည်၊ ပဲမျိုးများဖြန့်ဝေပေးမည်ကို တောင်သူများထံ အချိန်မီ အသိပေးရမည်ဖြစ်သည်။ ရေကြီးနစ်မြုပ်ဒေသများတွင် ဂေဟစနစ်များ ပြောင်းလဲသွားပေရာ ပိုးကျမှု၊ ပုရစ်ကိုက်၍ ပျက်စီးမှုများနှင့်လည်း ကြုံတွေ့ကြရကြောင်း မေးမြန်းသိရှိရပါသည်။ မည်သို့ပင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ပါစေ စပါးစိုက်ပျိုးသီးနှံအတွက် ဆုံးရှုံးသွားသောငွေများကို ပဲစိုက်ပျိုးခြင်းမှ ပြန်လည်ရယူရန် အားခဲမျှော်လင့်လျက်ရှိကြသည်။

**လေးမျက်နှာပြန်လည်နိုးထကြပါစို့**

အိုဘယ့်.........အိုဘယ့်လေးမျက်နှာ။ အသင်သည် ၁၉၉၁ ခုနှစ် ထိန်ငူတာကျိုးသည့် သဘာဝဘေးကို လည်းကောင်း၊ ငဝန်မြစ်ရေကြောင့်ပင် ၁၉၉၃ ခုနှစ် လေးမျက်နှာမြို့ဟောင်း နှစ်ပိုင်းပြတ်၍ မြို့သစ်အဖြစ် ပြောင်းရွှေ့ရသည့် ဘေးဒုက္ခကိုလည်းကောင်း၊ ယခု ၂၀၂၆ ခုနှစ်အတွင်း ရေကြီးနစ်မြုပ်မှုကိုလည်းကောင်း တွေ့ကြုံခဲ့ရပြီးဖြစ်သည်။

သဘာဝဘေးကြုံသည့်အခါတိုင်းလည်း အသင်မြို့လေးအနေဖြင့် ဒူးမထောက်လက်မမြှောက်၊ အရှုံးမပေးဘဲ ကြံ့ကြံ့ခိုင်ခိုင် တွန်းလှန်ရင်ဆိုင်နိုင်ခဲ့သည်ချည်းသာ။ သည့်အတွက်လည်း ဂုဏ်ယူလေးစားမိပါသည် လေးမျက်နှာ။ လက်ဝါးသာသာမြို့နယ်လေးပင်ဖြစ်လင့်ကစား အသင်မွေးထုတ်ပေးလိုက်သည့် ဘာသာသာသနာပိုင်းဆိုင်ရာ၊ နိုင်ငံရေးလောက၊ စာပေလောက၊ အနုပညာလောက၊ အားကစားကဏ္ဍများမှ အကျော်ဒေးယျ ပုဂ္ဂိုလ်များ၊ အနမတဂ္ဂရှိနေသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။

သင်၏အနောက်ဘက်ခြမ်းဒေသများ၌ နယ်မြေတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နေရသလို အရှေ့ဘက်ခြမ်းမှာ ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးမှ အားယူရုန်းထပြီး ရိုးသားကြိုးစားဧရာဝတီသားဆိုသည့် ဆောင်ပုဒ်နှင့်အညီ တိုင်းရော၏ဂုဏ်မှသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြပါစို့။ ။



# ဖီဖာကမ္ဘာ့အဆင့် (၁) ၌ စပိန်အသင်း ဆက်လက်ရပ်တည်

အမျိုးသားဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ပြီးခဲ့သည့်သီတင်းပတ်က နောက်ဆုံးထုတ်ပြန်ခဲ့ရာ ကမ္ဘာ့ဖလား ချန်ပီယံ စပိန်အသင်းသည် ကမ္ဘာ့အဆင့် (၁) နေရာတွင် ဆက်လက် ရပ်တည်နိုင်ခဲ့သည်။ ထို့အပြင် အာဂျင်တီးနား၊ ပြင်သစ်နှင့် အင်္ဂလန်အသင်းတို့သည် အပြောင်းအလဲမရှိ ကမ္ဘာ့အဆင့် (၂)၊ (၃)၊ (၄) တွင် အစဉ်လိုက် ရပ်တည်နိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် နာမည်ကြီး ဘရာဇီးနှင့် မော်ရိုကိုအသင်းတို့ကို ကျော်ဖြတ်ကာ အဆင့် (၅) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့် မက္ကဆီကိုအသင်းတို့သည် အဆင့် (၁၀) အတွင်း အပြောင်းအလဲမရှိ ရပ်တည်နိုင်ခဲ့သည်။

၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးခဲ့သည့် ဇူလိုင် ၁၉ ရက်နောက်ပိုင်း ယူအီးအက်ဖ်အေ၊ ကွန်ကာကပ်ဖ် နေးရှင်းလိဂ်ပွဲစဉ်များနှင့် ၂၀၂၇ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်များ အပါအဝင် နိုင်ငံတကာ ပွဲစဉ်ပေါင်း ၃၃၈ ပွဲ ကစားထားကြောင်း သိရသည်။ ဆွစ်ဇာလန်အသင်းသည် နာမည်ကြီး ဂျာမနီ၊ ခရိုအေးရှားတို့ကို ကျော်ဖြတ်ကာ အဆင့် (၁၂) နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။

## ရှက်ဖီးလ်ဂန္ထဝင်ကစားသမား ရှတ်ပ် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း ကြေညာ

ရှက်ဖီးလ်ယူနိုက်တက်ဂန္ထဝင်ကစားသမား ဘီလီရှတ်ပ်သည် အသက် ၄၀ အရွယ်တွင် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်သည်။ ဆောက်သမ်တန်၊ နော်တင်ဟမ် ဖောရက်စ်၊ လိဒ်စ်၊ ဟားလ်စီးတီး၊ ရီးဒင်းအပါအဝင် ကလပ်အသင်း အများအပြားတွင် နှစ်ပေါင်း ၂၂ နှစ်ကြာ ကစားထားသူ ရှတ်ပ်သည် သူ၏ ကစားသမားဘဝတစ်လျှောက် သွင်းဂိုးပေါင်း ၂၉၉ ဂိုးအထိ သွင်းယူထားကြောင်း သိရသည်။ ၎င်းသည် ရှက်ဖီးလ်အသင်းအတွက် ပွဲစဉ်ပေါင်း ၃၇၇ ပွဲအထိ ပါဝင်ကစားထားသူ ဖြစ်သည်။

PREMIER LEAGUE – ROUND 6 | VENUE: COVENTRY BUILDING SOCIETY ARENA

အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၆) မှ ပွဲကျန်အဖြစ် ကိုဗင်ထရီနဲ့ နယူးကာဆယ်အသင်း ပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေတဲ့ ကိုဗင်ထရီနဲ့ ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေတဲ့ နယူးကာဆယ်တို့ တွေ့ဆုံမှုဖြစ်တာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# တိုက်စစ်ဆိုးရွားတဲ့ ကိုဗင်ထရီကို နယူးကာဆယ် အနိုင်ရဖွယ်ရှိ



## ကိုဗင်ထရီ VS ကာဆယ်

နောက်ဆုံးငါးပွဲမှာ ကိုဗင်ထရီက လေးပွဲအထိ ရှုံးနိမ့်ပြီး ကာဆယ်က တစ်ပွဲသာ ရှုံးနိမ့်ထားတယ်။ ကိုဗင်ထရီရဲ့ တိုက်စစ်စွမ်းဆောင်ရည်က ဒီရာသီလိဂ်ငါးပွဲကစားပြီးချိန်အထိ သွင်းဂိုး တစ်ဂိုးသာရရှိထားတာကြောင့် တိုက်စစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ လတ်တလောခြေစွမ်းအပြင် ထိပ်တိုက်တွေ့ဆုံမှုမှာပါ နယူးကာဆယ်က သာလွန်မှုရှိတယ်။ ကိုဗင်ထရီရဲ့ ရှန်းအားကြောင့် အခက်တွေ့နိုင်ပေမယ့် နိုင်ပွဲရလဒ်ကို နယူးကာဆယ်အသင်းသာ ဖော်ဆောင်သွားဖွယ်ရှိတယ်။



**စောင့်ကြည့်ရမယ့် ကစားသမားများ**

**တိုင်ဝို အဝိုနီယီ**

| | | |
|---|---|---|
| ကစားသည့်ပွဲ | - | လေးပွဲ |
| သွင်းဂိုး | - | - |

**ကိုဗင်ထရီနဲ့ ကာဆယ်တို့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးကြိမ်**

| | | | |
|---|---|---|---|
| ကာဆယ် | ၄-၁ | ကိုဗင်ထရီ | ချန်ပီယံရှစ် |
| ကိုဗင်ထရီ | ၀-၂ | ကာဆယ် | ချန်ပီယံရှစ် |
| ကိုဗင်ထရီ | ၂-၃ | ကာဆယ် | အီးအက်ဖ်အယ် |

**စောင့်ကြည့်ရမယ့် ကစားသမားများ**

**ယိုအန် ဝစ်ဆာ**

| | | |
|---|---|---|
| ကစားသည့်ပွဲ | - | ငါးပွဲ |
| သွင်းဂိုး | - | ၁ ဂိုး |

# ဖျူရီနှင့် ဂျိုရှူအာတို့ ထိုးသတ်မည့်ပွဲစဉ်အတွက် လက်မှတ်များ တစ်နာရီအတွင်း ရောင်းကုန်ခဲ့

ဗြိတိန်နိုင်ငံ ကာဒစ်ဖ်မြို့ရှိ Principality Stadium ၌ လာမည့် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် တိုင်ဆန်ဖျူရီနှင့် အန်သိုနီ ဂျိုရှူအာတို့ ထိုးသတ်မည့် လက်ဝှေ့ပွဲစဉ်အတွက် လက်မှတ်များမှာ တစ်နာရီအတွင်း ရောင်းကုန်ခဲ့ကြောင်း သိရသည်။



ယင်းပွဲစဉ်အတွက် လက်မှတ်ဈေးနှုန်းများမှာ အမြင့်ဆုံး ပေါင် ၁၃၁၂၈ အထိရှိပြီး အနိမ့်ဆုံး ပေါင် ၈၈ ဒသမ ၅၀ ရှိကြောင်း သိရသည်။ ဗြိတိန်နိုင်ငံသားအချင်းချင်း ယှဉ်ပြိုင်ထိုးသတ်ကြမည့် အဆိုပါ ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲကို Netflix မှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း စက်တင်ဘာလတွင် ထုတ်ပြန်ကြေညာထားသည်။ အောက်တိုဘာ ၉ ရက်တွင် လက်မှတ်ပေါင်း ၈၀၀၀၀ ခန့်ကို ရောင်းချခဲ့သည်။ လက်မှတ်များ ရောင်းချပြီး မကြာမီတွင် အွန်လိုင်းတန်းစီဇယားတွင် လူပေါင်း ငါးသိန်းကျော် စောင့်ဆိုင်းနေခဲ့ကြောင်း သိရသည်။

ယင်းနောက် လက်မှတ်များ ပြန်လည်ရောင်းချသည့် ဝက်ဘ်ဆိုက်များ လျင်မြန်စွာ ပေါ်ထွက်လာခဲ့ပြီး VIP ထိုင်ခုံများအတွက် လက်မှတ်များကို ပေါင် ၇၃၆၄၅ အထိ ဈေးတင်ရောင်းချကြောင်းနှင့် အပေါ်ထပ်ထိုင်ခုံများအတွက် လက်မှတ်များကို ပေါင် ၄၂၅ ဖြင့် ရောင်းချနေကြကြောင်း သိရသည်။ ပွဲစီစဉ်သူများသည် ပွဲကြိုထိုးသတ်မည့် တွဲဆိုင်းများကို ထုတ်ပြန်ကြေညာထားခြင်း မရှိသေးပေ။

# တရုတ်အိုးပင်းဖလားဗိုလ်လုပွဲတွင် ကျင်ဝမ်ကျန်းက နာမည်ကြီး အန်ဒရေဗာကို အနိုင်ရဗိုလ်စွဲ



တရုတ်တင်းနစ်မယ် ကျင်ဝမ်ကျန်းသည် တရုတ်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် နာမည်ကြီး ရုရှားတင်းနစ်မယ် မေရာ အန်ဒရေဗာကို ၇-၅၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

ဝမ်ကျန်းသည် ဒဗလျူတီအေ ၁၀၀၀ အဆင့်ရှိ တရုတ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်သည့် ပထမဆုံးတရုတ်တင်းနစ်မယ် အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် ချာရာအဲဗာ၊ စဗီတိုလီနာ၊ မာတင်စ် စသည့် ထိပ်တန်းတင်းနစ်မယ်များကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲတက်လှမ်းလာသူဖြစ်သည်။ ၎င်းသည် အန်ဒရေဗာကို အနိုင်ရရှိရန် ၁ နာရီနှင့် ၄၃ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။ အဆိုပါဖလားမှာ ၂၀၂၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူးရရှိသည့် ဖလားဖြစ်ကြောင်း သိရသည်။

## ဂျာမနီတင်းနစ်အကျော်အမော် ဇဗဲရက်ဗ် Shanghai Masters ၁၆ ဦးအဆင့်တက်ရောက်



ဂျာမနီတင်းနစ် အကျော်အမော် အလက်ဇန္ဒား ဇဗဲရက်ဗ်သည် Shanghai Masters တင်းနစ် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား ဟောလစ်ကို ၆-၄၊ ၆-၇ (၈-၁၀)၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦး အဆင့် တက်လှမ်းနိုင်ခဲ့သည်။

Shanghai Masters ပြိုင်ပွဲသည် အေတီပီ ၁၀၀၀ အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး စစ်ဆီပတ်စ်၊ လီဟက်ကာ၊ မက်ဗီဒက်ဗ်စသည့် တင်းနစ်အကျော်အမော်များလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ဇဗဲရက်ဗ်သည် ၁၆ ဦးအဆင့်တွင် ကာဇက်စတန်တင်းနစ်ကစားသမား အလက်ဇန်းဒါး ဘူးဘလစ်ခ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဘူးဘလစ်ခ်သည် ၃၂ ဦးအဆင့်တွင် ဘရန်ဒွန် နာကာရှီမာကို အနိုင်ယူကာ ၁၆ ဦးအဆင့်တက်လှမ်းလာသူ ဖြစ်သည်။

မိုးဇက်-စုစည်းရေးသားသည်

**ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂)**

| | | | |
|---|---|---|---|
| **၁၃-၁၀-၂၀၂၆ အင်္ဂါနေ့** | | | |
| လန်းစ် | - | စပို့တင်း | ည ၁၁:၁၅ |
| ဆာဘာ | - | ဆလာဗီယာ | ည ၁၁:၁၅ |
| အာဆင်နယ် | - | လိုင်လီ | နံနက် ၁:၃၀ |
| အေဘီမက် | - | မန်ယူ | နံနက် ၁:၃၀ |
| ဂါလာတာစရေး | - | ဘာစီလိုနာ | နံနက် ၁:၃၀ |
| အင်တာမီလန် | - | ကလပ်ဘရုဂ် | နံနက် ၁:၃၀ |
| လိုက်ပ်ဇစ် | - | ပီအက်စ်ဗွီ | နံနက် ၁:၃၀ |
| ဗိုက်ကင်း | - | ဘိုင်ယန် | နံနက် ၁:၃၀ |
| ဗီလာရီးရဲ | - | နာပိုလီ | နံနက် ၁:၃၀ |
| **၁၄-၁၀-၂၀၂၆ ဗုဒ္ဓဟူးနေ့** | | | |
| ဗီယင်န | - | ကိုမို | ည ၁၁:၁၅ |
| LASK | - | လီဗာပူး | ည ၁၁:၁၅ |
| ဗီလာ | - | ဖီနာဘာချီ | နံနက် ၁:၃၀ |
| ဘိုဂိုဂလင့် | - | ဒေါ့မွန် | နံနက် ၁:၃၀ |
| မန်စီးတီး | - | ပီအက်စ်ဂျီ | နံနက် ၁:၃၀ |
| ဘက်တစ် | - | ပေါ်တို | နံနက် ၁:၃၀ |
| ရိုးမား | - | ရီးရဲမက်ဒရစ် | နံနက် ၁:၃၀ |
| ရှက်တာ | - | AEK အေသင် | နံနက် ၁:၃၀ |
| ဆလိုဗန် | - | စတုဂတ် | နံနက် ၁:၃၀ |

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန) များနဲ့ပတ်သက်ပြီး Degree of Adjective (နာမဝိသေသန၏နှိုင်းယှဉ်အဆင့်များ) အကြောင်းကို ရှင်းလင်းချက်များ နမူနာဝါကျများနဲ့ ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about airport English–1 (လေဆိပ်မှာ ဘယ်လိုပြောမလဲ) ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ သာဓက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

| Positive (D1) (အခြေခံအဆင့်/ သာမန်အဆင့်) | Comparative (D2) (သာလွန်အဆင့်) | Superlative (D3) (အသာလွန်ဆုံး အဆင့်) |
|---|---|---|
| as dark as | darker than | the darkest of |
| as dear as | dearer than | the dearest of |
| as deep as | deeper than | the deepest of |
| as dirty as | dirtier than | the dirtiest of |
| as dry as | drier than | the driest of |
| as easy as | easier than | the easiest of |
| as fair as | fairer than | the fairest of |
| as fast as | faster than | the fastest of |
| as fat as | fatter than | the fattest of |
| as fine as | finer than | the finest of |
| as funny as | funnier than | the funniest of |
| as great as | greater than | the greatest of |
| as green as | greener than | the greenest of |
| as happy as | happier than | the happiest of |
| as hard as | harder than | the hardest of |
| as healthy as | healthier than | the healthiest of |
| as heavy as | heavier than | the heaviest of |
| as high as | higher than | the highest of |
| as hot as | hotter than | the hottest of |
| as kind as | kinder than | the kindest of |
| as large as | larger than | the largest of |
| as late as | later than | the latest of |
| as lazy as | lazier than | the laziest of |
| as light at | lighter than | the lightest of |
| as long as | longer than | the longest of |
| as low as | lower than | the lowest of |
| as lucky as | luckier than | the luckiest of |
| as mad as | madder than | the maddest of |
| as merry as | merrier than | the merriest of |
| as narrow as | narrower than | the narrowest of |
| as naughty as | naughtier than | the naughtiest of |
| as near as | nearer than | the nearest of |
| as new as | newer than | the newest of |
| as noisy as | noisier than | the noisiest of |
| as old as | older than | the oldest of |
| as pale as | paler than | the palest of |
| as poor as | poorer than | the poorest of |
| as pretty as | prettier than | the prettiest of |
| as proud as | prouder than | the proudest of |
| as quick as | quicker than | the quickest of |
| as red as | redder than | the reddest of |
| as rich as | richer than | the richest of |
| as sad as | sadder than | the saddest of |
| as safe as | safer than | the safest of |
| as shallow as | shallower than | the shallowest of |
| as sharp as | sharper than | the sharpest of |
| as slow as | slower than | the slowest of |
| as small as | smaller than | the smallest of |
| as smooth as | smoother than | the smoothest of |
| as strong as | stronger than | the strongest of |
| as sweet as | sweeter than | the sweetest of |
| as tall as | taller than | the tallest of |
| as thick as | thicker than | the thickest of |
| as thin as | thinner than | the thinnest of |
| as tiny as | tinier than | the tiniest of |
| as ugly as | uglier than | the ugliest of |
| as warm as | warmer than | the warmest of |
| as wealthy as | wealthier than | the wealthiest of |

## VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **born with a silver spoon = (ချမ်းသာသောမိသားစုတွင် မွေးဖွားသည်)**
   He **was born with a silver spoon.**
   သူ့ကို ချမ်းသာတဲ့မိသားစုမှာ မွေးဖွားတယ်။
2. **bottom line = (လိုရင်းအဓိကအချက်)**
   The **bottom line** is profit.
   လိုရင်းအဓိကအချက်ကတော့ အမြတ်ရဖို့ပါပဲ။
3. **break a leg = (ကံကောင်းပါစေ)**
   I know you're nervous about the concert, but **break a leg** tonight.
   ပွဲအတွက် စိတ်လှုပ်ရှားနေမှန်း သိပါတယ်။ ဒီညအကောင်းဆုံး ဖျော်ဖြေနိုင်ပါစေ။ ကံကောင်းပါစေ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about airport English–1 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)

ဒီတစ်ပတ်မှာတော့ လေဆိပ်မှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို ဖော်ပြလိုက်ပါတယ်။

*Where are you flying to …?*

*Have you checked in online already?*

*Can I have your passport please?*

*Do you need a paper copy of your boarding pass?*

*Do you have any bags to check in?*

*Enjoy your trip!*

၁။ ဘယ်ကိုသွားမလို့လဲ မေးရင် ပုံမှန်အားဖြင့် **Where are you flying to …**နဲ့ မေးလေ့ရှိပါတယ်။ ကိုယ်က …….. ကို သွားမယ်လို့ပြောရင်တော့ **I'm flying to …..** လို့ ပြောနိုင်ပါတယ်။

**A:** Where are you flying today?

**B:** I'm flying to Chicago.

၂။ အွန်လိုင်းမှာ check in လုပ်ပြီးပြီလားလို့ မေးရင်တော့ **Have you checked in online already?** လို့ မေးနိုင်ပါတယ်။

၃။ နိုင်ငံကူးလက်မှတ် ကြည့်လို့ရမလားလို့ မေးရင်တော့ **Can I have your passport please?** ဆိုပြီး မေးနိုင်ပါတယ်။

၄။ လေယာဉ်တက်ခွင့်ပြု စာရွက်စာတမ်း အထောက်အထား လိုသေးလားလို့ မေးရင်တော့ **Do you need a paper copy of your boarding pass?** လို့ မေးနိုင်ပါတယ်။

၅။ check in လုပ်ဖို့ အိတ်တွေရှိသေးလားလို့ မေးတယ်ဆိုရင်တော့ **Do you have any bags to check in?** လို့ မေးနိုင်ပါတယ်။

၆။ ခရီးစဉ်မှာပျော်ရွှင်ပါစေဆိုရင်တော့ **Enjoy your trip!** လို့ ပြောနိုင်ပါတယ်။

**Daily Conversation**

**Check in at the airport**

**Justin:** Hello!

**May:** Hello there! Where are you flying to today?

**Justin:** I'm going to London.

**May:** And have you checked in online already?

**Justin:** Yes, I have, but I was wondering: can I change my seat? I have an aisle seat, but would I'd really like a window seat if that's possible.

**May:** Let's have a look. Can I have your passport please?

**Justin:** Yes, of course.

**May:** Thank you. One minute, let me check whether there's another seat available … Yes, we can do that, sir.

**Justin:** Excellent.

**May:** Do you need a paper copy of your boarding pass?

**Justin:** No thanks; I have it on my phone.

**May:** And do you have any bags to check in?

**Justin:** No, I only have a carry–on bag.

**May:** That's fine. You just need to put this tag on it.

**Justin:** Like this?

**May:** That's perfect! Well, you're ready to go. Enjoy your trip!

**Justin:** Thank you very much.

**Need to know points**

ခရီးသွားများက အများဆုံးမေးနိုင်တာတွေကတော့

**Could I change my seat?**

ထိုင်ခုံနေရာပြောင်းလို့ ရနိုင်မလား?

**Can you confirm that I have a vegetarian meal?**

ကျွန်တော် သက်သတ်လွတ်ဆိုတာ အတည်ပြုပြီး ပြီလား?

**Do you have any seats in the exit row?**

အထွက်ထိုင်ခုံတန်းဘက်မှာ ထိုင်ခုံရှိသေးလာ?

(**Exit row** များတွင် ခြေထောက်ကျယ်ကျယ် ဝန်းဝန်းထားနိုင်သည့်အတွက် ပို၍သက်သောင့် သက်သာရှိသည်။)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုပါသည် ...

မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ရှေးနှစ်ပေါင်းများစွာမှ ယနေ့တိုင်အောင် နှစ်ပေါင်းထောင်ချီ၍ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့်နိုင်ငံ ဖြစ်ပါသည်။ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သမိုင်းအထောက်အထားများက သက်သေပြလျက်ရှိပါသည်။

ကိုယဉ်ချစ်(မန္တလေး)

> “ အနုပညာသည် ဖျော်ဖြေရေးသက်သက်သာ မဟုတ်ဘဲ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခြင်း၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်ခြင်း စသည့် စွမ်းအားများဖြစ်ပါသည်။ ခေတ်အဆက်ဆက်က အနုပညာစွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင်အကျိုးပြုနိုင်ခဲ့သည့် သာဓကများလည်း ရှိခဲ့ပါသည်။ ထို့ကြောင့် မျက်မှောက်ကာလတွင်လည်း အနုပညာစွမ်းအားများဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ”

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ရှေးနှစ်ပေါင်းများစွာကပင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရာ သရေခေတ္တရာ၊ တကောင်း၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက်မှ ယနေ့ကာလအထိ ဖြစ်ပါသည်။ ရှေးမြန်မာပညာရှင်များက ရတု၊ ရကန်၊ ပျို့၊ လင်္ကာ၊ ချောင်း၊ အဲချင်း၊ သာချင်း၊ တံ့ချင်း၊ လူတား၊ လေးဆစ်၊ သဖြန်၊ လေးချိုး၊ လေးထပ်၊ တေးထပ်၊ တောလား၊ တျာ၊ လျှောက်ထုံး၊ မှာတမ်း၊ ဘောလယ်၊ ပြဇာတ် စသည့် စာပေများကို ရေးသားစပ်ဆိုခဲ့ကြသည်။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများသည် ရှေးကျသည့် ကာလများစွာကတည်းက ရှင်သန်ထွန်းကားခဲ့သည်ဆိုသည့် ခိုင်မာသည့် အထောက်အထားများဖြင့် ရပ်တည်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ ရပ်တည်နေနိုင်ခဲ့ခြင်းများကို မှေးမှိန်ပပျောက်သွားခြင်း မရှိရအောင် နောင်လာနောက်သားများက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ထိန်းသိမ်းစောင့်ရှောက်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဦးတည်ချက်များ ချမှတ်၍ အလေးအနက်ထား ကျင်းပနေခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး နှစ်စဉ် ကျင်းပနိုင်ခဲ့ခြင်းကြောင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှု တိုးတက်မြင့်မားခဲ့ရသည်။ အမျိုးသားရေးစရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုများနှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားထက်သန်မှု ရလဒ်ကောင်းများကို ဖော်ထုတ်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများကို နိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံးက အသက်သွေးကြောကြီးသဖွယ် အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ အမျိုးသားယဉ်ကျေးမှုအဆင့်အတန်းသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာဖြစ်ခြင်းကြောင့် ကမ္ဘာ့အလယ်တွင် မြန်မာဆိုသည့်ဂုဏ်ဒြပ်ကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မည်ဖြစ်ပါသည်။ မိမိတို့ကိုယ်ပိုင် အမျိုးသားရေး ဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုး၊ အဆင့်အတန်းများကို အမျိုးသားယဉ်ကျေးမှုများမှတစ်ဆင့် ထုတ်ဖော်ပြသနိုင်ပါမည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများသည် သိမ်မွေ့နက်နဲသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက ရပ်တည်ရှင်သန်ခဲ့သည့် အထောက်အထားများရှိခဲ့သည်။ အနုပညာရပ်ဟု ခေါ်ဆိုအပ်သော အတတ်မျိုး ၆၄ ရပ်ထဲတွင် **နစ္စ**ဆိုသည့်အကမျိုးစုံအတတ်၊ **ဝဒန** ဆိုသည့် တီးမှုတ်မျိုးစုံ အတတ်၊ **ဗျူဟာစရနာဒိပရဏ** ဆိုသည့် အတီးအမှုတ်မျိုးစုံတို့ တီးမှုတ်၍ စစ်ဆင်စစ်တက်ခြင်းအတတ်များပါဝင်သည်ကို မှတ်သားရပါသည်။

ရှေးမြန်မာမင်းများလက်ထက်က မင်းညီမင်းသားများ သင်ယူခဲ့ကြရသည့် အဋ္ဌာရသသိပ္ပ ၁၈ ရပ်တွင်လည်း **ဂန္ဓဗ္ဗာ** ဆိုသည့် စောင်းငြင်းစသည့် ကဗျာလင်္ကာအတတ်၊ ဣတိဟာသ ဆိုသည့် ရယ်ရွှင်ဖွယ်အတတ်များ ပါဝင်ခဲ့ပါသည်။ ဤသို့ထူးခြားလေးနက်သည့် အနုပညာရပ်များကို ခေတ်အဆက်ဆက်က လက်ဆင့်ကမ်းထိန်းသိမ်း သယ်ဆောင်လာခဲ့ကြပြီး ယနေ့တိုင်အောင် ခိုင်မာစွာ ရှင်သန်ရပ်တည်နေခြင်းဖြစ်သဖြင့် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

မျက်မှောက်ကာလတိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်နေခြင်းမှာ သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် ဘိုးဘွားမိဘ အဆက်ဆက်က ဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး လက်ဆင့်ကမ်းအမွေများ ပေးခဲ့ကြခြင်းကြောင့်ပင် ဖြစ်ပါသည်။ ဤအစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များက အတုယူ၍ ဆက်လက်ထိန်းသိမ်းမြှင့်တင်နေရမည်မှာ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများ တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နေကြရပါမည်။ **အမျိုးဂုဏ်**ဆိုသည်မှာ မြန်မာတိုင်းရင်းသားအားလုံး၏ အရည်အချင်း၊ အစွမ်းသတ္တိနှင့် ကောင်းမြတ်သော အရည်အချင်းများဖြစ်ကြပြီး **ဇာတိဂုဏ်** ဆိုသည်မှာ မိမိတို့ နေထိုင်ရာ အမိပြည်ထောင်စုနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးပြီး အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခဲ့ကြသည့် အရည်အချင်းများ ဖြစ်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် တိုင်းရင်းသားမျိုးနွယ်စုကြီးများ ပေါင်းစည်းနေထိုင်သည့် နိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုဆိုသည့် ဘုံသဘောဆောင်သည့် အမျိုးသားရေးလက္ခဏာများကို လက်ခံကျင့်သုံးနေသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးက ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် နေထိုင်သူများဖြစ်၍ လေးစားဂုဏ်ယူဖွယ်ရာ ဖြစ်ရပါသည်။

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကတည်းက အေးအတူပူအမျှ အတူနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားအားလုံးတွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများ ရှိကြပြီး ကိုယ်စီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ ဤ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဘာသာရပ်များကို ထည့်သွင်းကျင်းပပေးလျက်ရှိပါသည်။ တိုင်းရင်းသားများ၏ သုခုမအနုပညာများ၊ တူရိယာများ ကွဲပြားခြားနားနေသော်လည်း မြန်မာတူရိယာငါးပါး၏အခြေခံတွင် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် ဆိုသည်တို့မှာ တူညီစွာ ပါဝင်နေပါသည်။ ထို့ပြင် အကပညာရပ်များသည်လည်း စည်းနှင့် ဝါးကိုအခြေခံ၍ ခေါင်း၊ ခါး၊ ခြေ၊ လက် ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြင့် ကပြကြသည့် အနုပညာရပ်များဖြစ်သည်ကို မြင်တွေ့နိုင်ပါသည်။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများကို ဖလှယ်သည့်အနေဖြင့် ပြည်နယ်အသီးသီးမှ ရိုးရာအကများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များက မန့်နှိုက်၍ မကျရာ တေးသီချင်းများကို ဘာသာရပ်တစ်ခုအဖြစ်ထည့်သွင်း ယှဉ်ပြိုင်စေလျက်ရှိပါသည်။ ဤသို့ ကျင်းပပေးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။

၂၀၂၄ ခုနှစ် ၂၅ ကြိမ်မြောက်( ငွေရတုအထိမ်းအမှတ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ဖျော်ဖြေသည့် တေးဂီတများဖြင့် ဂုဏ်ပြုဖျော်ဖြေပေးမှုများကို မြင်တွေ့ခဲ့ရပါသည်။ ဤအစီအစဉ်များသည် တိုင်းရင်းသားများ၏ ရိုးရာအနုပညာအမွေအနှစ်များနှင့် တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ခဲ့သကဲ့သို့ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုသရုပ်ဖော်ပြသသည့် အနုပညာရပ်များအဖြစ် မြင်တွေ့ခဲ့ကြရပါသည်။

ဤပြိုင်ပွဲကြီးက တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဖော်ထုတ်ပြသသည့် ပြိုင်ပွဲကြီးဖြစ်ပါသည်။ အမျိုးသားရေးစရိုက်လက္ခဏာသည် တိုင်းရင်းသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် ယဉ်ကျေးမှု၊ အနုပညာ၊ ဘာသာစကား၊ စာပေများက ကိုယ်ပိုင်ယဉ်ကျေးမှုများဖြစ်သည်။ အမျိုးသားရေးစရိုက်လက္ခဏာများကို တိုင်းတစ်ပါးယဉ်ကျေးမှုများက လွှမ်းမိုးသွားခြင်း၊ တိမ်ကောပပျောက်သွားခြင်းများ မဖြစ်စေရန် အားလုံးက ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ဖြစ်ခြင်းကြောင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားစေရန် လူငယ်များအပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို စဉ်ဆက်မပြတ်ကျင်းပပေးနေခြင်းက မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးနေသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမျိုးသားရေး စရိုက်လက္ခဏာများနှင့် မျိုးဆက်သစ်လူငယ်ထုအတွင်း ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားရေးကို အထောက်အကူဖြစ်စေပါသည်။

အနုပညာသည် ဖျော်ဖြေရေးသက်သက်သာ မဟုတ်ဘဲ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခြင်း၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်ခြင်း စသည့် စွမ်းအားများဖြစ်ပါသည်။ ခေတ်အဆက်ဆက်က အနုပညာစွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင်အကျိုးပြုနိုင်ခဲ့သည့် သာဓကများလည်း ရှိခဲ့ပါသည်။ ထို့ကြောင့် မျက်မှောက်ကာလတွင်လည်း အနုပညာစွမ်းအားများဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားရေးအနှစ်သာရပြည့်ဝသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို စဉ်ဆက်မပြတ်ကျင်းပပေးနေခြင်းကြောင့် အမျိုးသားယဉ်ကျေးမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာခဲ့ပါသည်။ အမျိုးသားယဉ်ကျေးမှုများသည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံးက အသက်တမျှ ထိန်းသိမ်းစောင့်ရှောက်ကြရမည့် အမွေအနှစ်များဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုများနှင့်အတူ နိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းသည်လည်း မြင့်မားလာပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်နိုင်ကြမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ကိုယ်ပိုင်အမျိုးသားရေး ဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို ဖော်ညွှန်းပြသနိုင်မည်ဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်ခြင်းကြောင့် မျိုးဆက်သစ်လူငယ်များအဖို့ မြန်မာ့ယဉ်ကျေးမှု၏ ကြီးကျယ်ခမ်းနားမှု၊ နက်နဲသိမ်မွေ့မှု၊ မြန်မာ့အနုပညာရပ်များ၏ ပြည့်စုံကြွယ်ဝမှုများကို သိရှိနားလည်ပြီး လေးစားဂုဏ်ယူခြင်းနှင့် မြတ်နိုးတန်ဖိုးထားစိတ်များ ကိန်းအောင်းလာမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်ခြင်း၊ အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးနိုင်ခြင်းစသည့် အကျိုးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပါကြောင်း ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။


**ကိုးကား –**

- ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
- ဆရာကြီး ဦးသုခ၏ မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု
- ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်
- နေ့စဉ်ထုတ်သတင်းစာများ

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

---

❑ *ကျော့ဖုံးမှ*

အဆိုပါ ဒါဘီပွဲစဉ်တွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲချိန် ၂ မိနစ်တွင် ပီဒရို ဟန်နရစ်ကီ ဂိုမက်စ်၏ သွင်းဂိုးဖြင့် ရန်ကုန်စီးတီးအသင်းက စတင်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရှိရေးအတွက် ပြန်လည်ဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် မိနစ် ၂၀ တွင် သန်းပိုင်က ချေပဂိုးသွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့ကြပြီး ပွဲချိန် မိနစ် ၇၀ တွင် တိုက်စစ်မှူး အယ်လ် ဟာဂျီ အဗ္ဗဒူ ကရင်မ်ဆမ်ဘဲ က ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သဖြင့် ပွဲပြီးချိန်တွင် ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်၏ AYA Pay အကောင်းဆုံးကစားသမားဆုကို ရန်ကုန်စီးတီး နောက်ခံလူ ပီဒရို ဟန်နရစ်ကီ ဂိုမက်စ်က ရရှိခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် မတ်ခ် ဆက်ကီက သွင်းယူခဲ့ပြီး ဒုတိယမြောက် အနိုင်ဂိုးကို တိုက်စစ်မှူး အက်ဒ်ဆန် ဂျူနီယာက သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် AYA Pay အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်း နောက်ခံလူ သက်ဟိန်းစိုးက ရရှိခဲ့သည်။

အပတ်စဉ်(၃) ပြိုင်ပွဲများအပြီးတွင် ဒဂုံစတားယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ရမှတ် ခုနစ်မှတ်စီ၊ ရန်ကုန်ယူနိုက်တက်က ရမှတ် ခြောက်မှတ်၊ သစ္စာအားမာန်နှင့် ရန်ကုန်စီးတီးအသင်းက ရမှတ် ငါးမှတ်စီ၊ စစ်ကိုင်းယူနိုက်တက်က လေးမှတ်၊ ရောဝတီယူနိုက်တက်က သုံးမှတ်၊ ဟံသာဝတီယူနိုက်တက်၊ မြဝတီ၊ ISPE နှင့် ချင်းလန်းအသင်းတို့က ရမှတ် တစ်မှတ်စီ ရရှိထားကြသည်။

နေမျိုး၊ ဓာတ်ပုံ-ML

# ရေကြီးရေလျှံမှုအန္တရာယ်ကို နားလည်ခြင်း

## သဘာဝဖြစ်စဉ်မှ လူသားတို့၏တာဝန်ယူမှုဆီသို့ - ဘေးအန္တရာယ်လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစို့

ဉာဏ်သစ်(မန်းတက္ကသိုလ်)

**မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်ခြင်းနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းတို့သည် ရေကြီးရေလျှံမှု ဖြစ်ပေါ်စေနိုင်သည့် သဘာဝဆိုင်ရာ အကြောင်းရင်းများဖြစ်သည်။ သို့သော် ရေကြီးမှု၏ ပြင်းထန်မှု၊ ထိခိုက်ဆုံးရှုံးမှု အတိုင်းအတာနှင့် လူမှုအသိုက်အဝန်းများ၏ ခံနိုင်ရည်ရှိမှုတို့သည် လူသားတို့၏ မြေယာအသုံးချမှု၊ မြို့ပြဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှုတို့နှင့်လည်း နီးကပ်စွာ ဆက်စပ်နေသည်။**

ထို့ကြောင့် **"ရေကြီးရေလျှံမှုသည် သဘာဝဘေးအန္တရာယ်သာလော၊ လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ပိုမိုဆိုးရွားလာသည့် ဘေးအန္တရာယ်လည်း ဖြစ်နိုင်ပါသလော"** ဟူသော မေးခွန်းကို လူထုအနေဖြင့် နားလည်သဘောပေါက်ရန် လိုအပ်လာသည်။ ဤမေးခွန်း၏ အဖြေသည် ဘေးအန္တရာယ်ကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်းထက် ကျော်လွန်ပြီး ကြိုတင်ကာကွယ်ရေး၊ ရပ်ရွာလူထု၏ လုံခြုံရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသော လမ်းညွှန်ချက်တစ်ရပ် ဖြစ်လာနိုင်သည်။

ရေကြီးမှုသည် သဘာဝဖြစ်စဉ်တစ်ခုဖြစ်သော်လည်း လူသားတို့၏ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များက ထိခိုက်နိုင်ခြေကို တိုးမြှင့်ပေးနိုင်သည်။ ထို့ပြင် သဘာဝဘေးနှင့် လူသားဖန်တီးသည့် အန္တရာယ်တို့သည် တစ်ခုနှင့်တစ်ခု သီးခြားကင်းကွာနေခြင်းမဟုတ်ဘဲ အပြန်အလှန် ဆက်စပ်နေသည့် အခြေအနေများလည်း ရှိနိုင်သည်။

**ရေကြီးရေလျှံမှုအန္တရာယ်ကို ပိုမိုနားလည်နိုင်ရန် အဓိကအချက် (၅) ချက်**

**၁။ သဘာဝဘေးအန္တရာယ်နှင့် လူသားတို့၏ လုပ်ဆောင်ချက်များအကြား ဆက်စပ်မှု**

ရေကြီးရေလျှံမှုကို နားလည်ရာတွင် သဘာဝဖြစ်စဉ်နှင့် လူသားတို့၏ လုပ်ဆောင်ချက်များကို ခွဲခြားသိမြင်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့အကြား အပြန်အလှန် ဆက်စပ်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ မိုးရွာသွန်းမှု၊ မြစ်ရေစီးဆင်းမှုနှင့် မုန်တိုင်းတို့သည် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်၏ အစိတ်အပိုင်းများဖြစ်သည်။ သို့သော် လူသားတို့၏ မြေယာအသုံးချမှု၊ အခြေခံအဆောက်အအုံ တည်ဆောက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များသည် ထိုသဘာဝဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို တိုးမြှင့်စေနိုင်သည်။

ကုလသမဂ္ဂ ဘေးအန္တရာယ် လျှော့ချရေးရုံး United Nations Office for Disaster Risk Reduction (UNDRR) ၏ အယူအဆအရ ဘေးအန္တရာယ်ဆိုသည်မှာ အန္တရာယ်ဖြစ်စေနိုင်သည့် ဖြစ်စဉ်တစ်ခုတည်းကြောင့်သာ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ လူများ၊ အခြေခံအဆောက်အအုံများနှင့် လူမှုအသိုက်အဝန်းများ၏ ထိခိုက်လွယ်မှု၊ ထိတွေ့ကျရောက်မှုနှင့် ခံနိုင်ရည်ရှိမှုတို့နှင့်လည်း ဆက်စပ်နေသည်။ ထို့ကြောင့် ရေကြီးမှုကို လေ့လာရာတွင် **"မည်သည့်အရာက ဖြစ်စေသနည်း"** ဟူသော မေးခွန်းအပြင် **"မည်သည့်အခြေအနေများက ထိခိုက်ဆုံးရှုံးမှုကို ပိုမိုများပြားစေသနည်း"** ဟူသော မေးခွန်းကိုပါ မေးမြန်းရန် လိုအပ်သည်။

လူတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိနိုင်သည်။ ထို့ကြောင့် ဘေးအန္တရာယ်လျှော့ချရေးသည် ဘေးဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကိုသာ အာရုံစိုက်ခြင်းမဟုတ်ဘဲ ဘေးအန္တရာယ်များ မဖြစ်ပေါ်မီကတည်းက အန္တရာယ်ဖြစ်စေသော အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် လျှော့ချခြင်းတို့ကိုပါ အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

**၂။ မြို့ပြဖွံ့ဖြိုးရေး၊ သစ်တောထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးအလေ့အကျင့်များ**

မြို့ပြဖွံ့ဖြိုးတိုးတက်မှုသည် လူမှုစီးပွားရေးအတွက် အရေးပါသော်လည်း စနစ်တကျစီမံကိန်းချမှတ်ခြင်းမရှိပါက ရေကြီးရေလျှံမှုအန္တရာယ်ကို ပိုမိုတိုးမြှင့်စေနိုင်သည်။ အဆောက်အအုံများ၊ လမ်းများနှင့် ကွန်ကရစ်မျက်နှာပြင်များ တိုးပွားလာသည့်အခါ မိုးရေစိမ့်ဝင်နိုင်သည့် သဘာဝမြေသားဧရိယာများ လျော့နည်းလာနိုင်သည်။ ထိုအခြေအနေတွင် မိုးရေသည် မြေထဲသို့ စိမ့်ဝင်ရန်အစား မြေပြင်ပေါ်တွင် လျင်မြန်စွာ စီးဆင်းလာနိုင်ပြီး ရေနုတ်မြောင်းစနစ်များအပေါ် ဝန်ထုပ်ဝန်ပိုး တိုးမြှင့်စေနိုင်သည်။

မြစ်ကမ်းပါးများ၊ ရေလွှမ်းမိုးနိုင်သည့် မြေနိမ့်ဒေသများနှင့် သဘာဝရေစီးကြောင်းများတွင် အစီအစဉ်မကျသော ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ၏ ထိတွေ့ကျရောက်မှုကို တိုးမြှင့်စေနိုင်သည်။ UNDRR ကလည်း ရေလွှမ်းမိုးမြေများနှင့် သဘာဝရေထိန်းသိမ်းရေးဧရိယာများကို လျစ်လျူရှုသည့် မြို့ပြဖွံ့ဖြိုးရေးသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေကို ပိုမိုမြင့်မားစေနိုင်ကြောင်း ဖော်ပြထားသည်။

သစ်တောထိန်းသိမ်းရေးသည်လည်း ရေကြီးရေလျှံမှုအန္တရာယ် လျှော့ချရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သစ်ပင်များနှင့် သစ်တောမြေဆီလွှာတို့သည် မိုးရေစီးဆင်းမှုကို ထိန်းညှိခြင်း၊ မြေဆီလွှာတိုက်စားမှုကို လျှော့ချခြင်းနှင့် ရေစုပ်ယူနိုင်စွမ်းကို အထောက်အကူပြုခြင်း အခန်းကဏ္ဍတို့တွင် ရှိသည်။ သစ်တောပြုန်းတီးခြင်းနှင့် မြေယာအသုံးချမှု ပြောင်းလဲခြင်းတို့ကြောင့် ရေစီးဆင်းမှုပုံစံများ ပြောင်းလဲလာနိုင်သည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင်လည်း သစ်တောနှင့် သဘာဝရေစီးကြောင်းများ ထိန်းသိမ်းရေး၊ တောင်စောင်းဒေသများတွင် မြေဆီလွှာထိန်းသိမ်းရေးနှင့် စိုက်ပျိုးမြေများတွင် ရေထိန်းသိမ်းရေးနည်းလမ်းများ အသုံးပြုခြင်းတို့သည် ရေကြီးရေလျှံမှုအန္တရာယ် လျှော့ချရေးအတွက် အရေးကြီးသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသ၏ မြေမျက်နှာသွင်ပြင်၊ မြေဆီလွှာအခြေအနေ၊ မိုးရေချိန်နှင့် စိုက်ပျိုးရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

**၃။ ရေနုတ်မြောင်းများ၊ တာတမံများနှင့် ဆည်များ၏ ဘေးကင်းလုံခြုံရေး**

ရေကြီးရေလျှံမှုအန္တရာယ်ကို လျှော့ချရန်အတွက် ရေနုတ်မြောင်းများ၊ တာတမံများ၊ ရေလှောင်ကန်များနှင့် ဆည်များသည် အရေးပါသော အခြေခံအဆောက်အအုံများဖြစ်သည်။ သို့သော် အဆိုပါစနစ်များ၏ ဒီဇိုင်း၊ တည်ဆောက်မှု၊ စစ်ဆေးမှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့တွင် ချွတ်ယွင်းချက်များရှိပါက အန္တရာယ်များ ပိုမိုပြင်းထန်လာနိုင်သည်။

ဥပမာအားဖြင့် ရေနုတ်မြောင်းများတွင် အမှိုက်များပိတ်ဆို့နေခြင်း၊ ရေစီးဆင်းနိုင်သည့် ပမာဏထက် ကျော်လွန်သော ရေဝင်ရောက်မှုနှင့် ရေစီးကြောင်းများကို မလျော်ကန်စွာ ပြောင်းလဲအသုံးပြုခြင်းတို့သည် မြို့ပြရေကြီးမှုကို ပိုမိုဆိုးရွားစေနိုင်သည်။ ထို့ပြင် တာတမံများနှင့် ဆည်များ၏ ဘေးကင်းရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ တည်ဆောက်ခြင်း၊ ပုံမှန်စစ်ဆေးခြင်း၊ အားနည်းသည့်နေရာများကို ပြုပြင်ခြင်းနှင့် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များ ရှိထားခြင်းတို့သည် အရေးကြီးသည်။

ဆည်ပျက်စီးမှု သို့မဟုတ် တာတမံကျိုးပေါက်မှုကဲ့သို့သော ဖြစ်ရပ်များသည် အချို့သောအခြေအနေများတွင် ရုတ်တရက်ရေလွှမ်းမိုးမှု ဖြစ်စေနိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ ဖြစ်ရပ်တိုင်းကို ကြိုတင်သတ်မှတ်ချက်မရှိဘဲ လူလုပ်ဘေးအန္တရာယ်ဟု သတ်မှတ်ခြင်းမပြုသင့်ဘဲ နည်းပညာဆိုင်ရာ စစ်ဆေးချက်များ၊ ဒီဇိုင်းစံနှုန်းများ၊ ပြုပြင်ထိန်းသိမ်းမှု မှတ်တမ်းများနှင့် အခြားသက်ဆိုင်ရာ အချက်အလက်များကို အခြေခံ၍ အကြောင်းရင်းကို သုံးသပ်ရမည်ဖြစ်သည်။

UNDRR ၏ ဘေးအန္တရာယ်ဖြစ်စဉ်လေ့လာမှု (Disaster Forensics) အယူအဆသည်လည်း အန္တရာယ်ဖြစ်ပွားစေသည့် အကြောင်းရင်း၊ အခြေခံအဆောက်အအုံများ၏အခြေအနေ၊ ထိခိုက်ကျရောက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များကို စနစ်တကျလေ့လာရန် အလေးထားသည်။

**၄။ ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သော မိုးရွာသွန်းမှုများ**

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုသည် ရေကြီးရေလျှံမှုအန္တရာယ်ကို လေ့လာရာတွင် လျစ်လျူရှု၍မရသော အကြောင်းရင်းတစ်ရပ် ဖြစ်လာသည်။ အစိုးရအဖွဲ့အစည်းများ၊ သိပ္ပံပညာရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သော မိုးရွာသွန်းမှုများအကြား ဆက်စပ်မှုကို လေ့လာလျက်ရှိကြသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရများအကြား ကျွမ်းကျင်သူအဖွဲ့ Intergovernmental Panel on Climate Change (IPCC) ၏ Sixth Assessment Report အရ လူသားတို့၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ကမ္ဘာ့မြေပြင် ဒေသများတွင် ပြင်းထန်သော မိုးရွာသွန်းမှုများ တိုးမြှင့်လာခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်နိုင်ကြောင်း အထောက်အထားများရှိသည်။ ထို့ပြင် ကမ္ဘာ့အပူချိန် ပိုမိုမြင့်တက်လာပါက ပြင်းထန်သော မိုးရွာသွန်းမှုများ၏ ကြိမ်နှုန်းနှင့် ပြင်းထန်မှုသည် ဒေသအများအပြားတွင် တိုးလာနိုင်ကြောင်း ဖော်ပြထားသည်။

ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည် မုန်တိုင်းဒီရေတက်မှုနှင့် ပေါင်းစပ်သောအခါ ရေလွှမ်းမိုးမှုအန္တရာယ်ကို ပိုမိုတိုးမြှင့်နိုင်သည်။ သို့သော် မည်သည့်ဒေသတွင် ရေကြီးမှု မည်မျှပြင်းထန်လာမည်ဆိုသည်မှာ ဒေသတွင်း မြေမျက်နှာသွင်ပြင်၊ ကမ်းရိုးတန်းပုံသဏ္ဌာန်၊ ရေစီးဆင်းမှုနှင့် လူနေထိုင်မှုအခြေအနေတို့အပေါ် မူတည်ကာ ကွဲပြားနိုင်သည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရာတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးနှင့်အတူ မိုးလေဝသခန့်မှန်းချက်များ အသုံးပြုခြင်း၊ ရေကြီးမှု ကြိုတင်သတိပေးစနစ်များ မြှင့်တင်ခြင်း၊ အန္တရာယ်ရှိသည့်နေရာများအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များ ပြင်ဆင်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သင့်သည်။

**၅။ စည်းမျဉ်းစည်းကမ်း၊ မြေယာစီမံကိန်းနှင့် လူထုပါဝင်မှု**

ရေကြီးရေလျှံမှုအန္တရာယ်ကို ထိရောက်စွာ လျှော့ချနိုင်ရန်အတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖြေရှင်းချက်များသာမက စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ စနစ်များလည်း လိုအပ်သည်။ မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် ရေကြီးနိုင်သည့်နေရာများ၊ သဘာဝရေစီးကြောင်းများ၊ ရေလွှမ်းမိုးမြေများနှင့် ရေနုတ်မြောင်းလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

အဆောက်အအုံဆောက်လုပ်ခွင့်၊ မြေယာအသုံးချမှု၊ ရေစီးကြောင်းကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းများသည် ဒေသအလိုက် သတ်မှတ်ထားသည့် အန္တရာယ်အခြေအနေများနှင့် ကိုက်ညီစွာ အကောင်အထည်ဖော်ရန် လိုအပ်သည်။ စည်းမျဉ်းများရှိရုံမျှဖြင့် မလုံလောက်ဘဲ စောင့်ကြည့်စစ်ဆေးမှု၊ သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုတို့လည်း လိုအပ်သည်။

UNDRR ၏ မြို့ပြခံနိုင်ရည်ရှိရေးဆိုင်ရာ လမ်းညွှန်ချက်များတွင် အန္တရာယ်အချက်အလက်များကို အသုံးပြု၍ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ ခိုင်မာသော အုပ်ချုပ်ရေးစနစ်များနှင့် လူထုပါဝင်မှုတို့ကို အလေးထားဖော်ပြထားသည်။ ဘေးအန္တရာယ်လျှော့ချရေးသည် အစိုးရတစ်ဖွဲ့တည်း၏ တာဝန်မဟုတ်ဘဲ ရပ်ရွာလူထု၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မြို့နယ်အလိုက် ရေကြီးမှုအန္တရာယ်မြေပုံများ၊ မိုးလေဝသနှင့် မြစ်ရေ ကြိုတင်သတိပေးချက်များ၊ ဒေသခံလူထု၏ ရိုးရာအတွေ့အကြုံများနှင့် အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်များကို ပေါင်းစပ်အသုံးချခြင်းသည် ဒေသခံများ၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ***စာမျက်နှာ ၂၃ သို့***

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချ ဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစား အလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချ ဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅ ထပ်အဆောက်အအုံ ၂ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး အဆောက်အအုံ ၁လုံးနှင့် ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး အဆောက်အအုံ ၁လုံးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၁၃ ထပ် အဆောက်အအုံ ၁လုံးအား ယမ်းပြင်၊ ယမ်းကပ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု(ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူး အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ









ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။






ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၂၂ မှ*

ရေကြီးမှုအန္တရာယ် မြင့်မားသည့်နေရာများတွင် နေထိုင်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

**ရေကြီးမှုအန္တရာယ်ကို လျှော့ချရန် လက်တွေ့ကျသော ဆောင်ရွက်ချက်များ**

ရေကြီးရေလျှံမှုအန္တရာယ်ကို နားလည်ခြင်းသည် အသိပညာရရှိရန်သာမက လက်တွေ့လုပ်ဆောင်မှုများအဖြစ် ပြောင်းလဲနိုင်ရန်လည်း ရည်ရွယ်ရမည်ဖြစ်သည်။ ထို့ကြောင့် အောက်ပါဆောင်ရွက်ချက်များကို အိမ်ထောင်စု၊ ရပ်ရွာနှင့် အုပ်ချုပ်ရေးအဆင့်များတွင် အကောင်အထည်ဖော်နိုင်သည်–

**အိမ်ထောင်စုအဆင့်။** မိုးလေဝသနှင့် ရေကြီးမှုကြိုတင်သတိပေးချက်များကို စောင့်ကြည့်ခြင်း၊ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များနှင့် လိုအပ်သောပစ္စည်းများ ပြင်ဆင်ထားခြင်း၊ မိသားစုဝင်များအတွက် ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်သည့် အစီအစဉ်ရှိထားခြင်း၊

**ရပ်ရွာအဆင့်။** ရေနုတ်မြောင်းများနှင့် ရေစီးကြောင်းများကို သန့်ရှင်းထိန်းသိမ်းခြင်း၊ အန္တရာယ်ရှိသည့်နေရာများကို ကြိုတင်ဖော်ထုတ်ခြင်း၊ အားနည်းသူများအတွက် အကူအညီပေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊

**အုပ်ချုပ်ရေးနှင့် နည်းပညာအဆင့်။** ရေကြီးနိုင်ခြေအကဲဖြတ်ချက်များအပေါ် အခြေခံ၍ မြေယာစီမံကိန်းများ ရေးဆွဲခြင်း၊ ရေနုတ်မြောင်းနှင့် ရေထိန်းချုပ်ရေး အခြေခံအဆောက်အအုံများကို ပုံမှန်စစ်ဆေးခြင်း၊ ကြိုတင်သတိပေးစနစ်နှင့် အရေးပေါ်တုံ့ပြန်ရေးစနစ်များကို မြှင့်တင်ခြင်း။

ဤဆောင်ရွက်ချက်များသည် ဒေသအလိုက် အန္တရာယ်အခြေအနေများနှင့် ကိုက်ညီစွာ ပြင်ဆင်အသုံးချရန် လိုအပ်သည်။ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အကြံပြုချက်များနှင့် ယုံကြည်စိတ်ချရသော ဒေသဆိုင်ရာ အချက်အလက်များအပေါ် အခြေခံသင့်သည်။

**သဘာဝကိုနားလည်၍ လူသားတို့၏ တာဝန်ယူမှုဖြင့် လုံခြုံသောအနာဂတ်ကို တည်ဆောက်ကြစို့**

ရေကြီးရေလျှံမှုသည် သဘာဝပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖြစ်ပေါ်လာနိုင်သည့် ဖြစ်စဉ်ဖြစ်သော်လည်း လူသားတို့၏ လုပ်ဆောင်ချက်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များက ၎င်း၏ ထိခိုက်ဆုံးရှုံးမှုအတိုင်းအတာကို ပြောင်းလဲစေနိုင်သည်။ ထို့ကြောင့် ရေကြီးမှုအန္တရာယ်ကို နားလည်ရာတွင် သဘာဝအကြောင်းရင်းများ၊ လူသားတို့၏ လုပ်ဆောင်ချက်များ၊ အခြေခံအဆောက်အအုံများ၏အခြေအနေ၊ ရာသီဥတုပြောင်းလဲမှုနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အချက်အလက်များကို အပြန်အလှန်ဆက်စပ်၍ လေ့လာသုံးသပ်ရန် လိုအပ်သည်။

**သဘာဝဘေးအန္တရာယ်များကို အပြည့်အဝ တားဆီးနိုင်ခြင်း မရှိသည့်တိုင် လူသားတို့၏ အသိပညာ၊ ကြိုတင်ပြင်ဆင်မှု၊ စနစ်တကျ စီမံကိန်းရေးဆွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်သည်။ ရေကြီးမှုအန္တရာယ်ကို လျှော့ချရေးသည် ရေကြီးပြီးနောက် အကူအညီပေးခြင်းတစ်ခုတည်းမဟုတ်ဘဲ ဘေးအန္တရာယ် မဖြစ်ပွားမီကတည်းက အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေများကို လျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့် လူမှုအသိုက်အဝန်း၏ ခံနိုင်ရည်ရှိမှုကို မြှင့်တင်ခြင်းတို့ဖြင့် အစပြုရမည်ဖြစ်သည်။**

**“ဘေးအန္တရာယ်ကို ကြိုတင်နားလည်ခြင်းသည် လုံခြုံသော လူမှုအသိုက်အဝန်းတစ်ရပ်တည်ဆောက်ခြင်း၏ အစဖြစ်သည်”** ဟူသော အမြင်ဖြင့် အစိုးရ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝကို လေးစားထိန်းသိမ်းခြင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးကို အန္တရာယ်အချက်အလက်များနှင့် ချိတ်ဆက်စီမံခြင်း၊ အခြေခံအဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းနှင့် လူထု၏ အသိပညာကို မြှင့်တင်ခြင်းတို့သည် ယနေ့၏ ရေကြီးမှုအန္တရာယ်ကို လျှော့ချရန်သာမက အနာဂတ်မျိုးဆက်များအတွက် ပိုမိုလုံခြုံပြီး ဘေးအန္တရာယ်ခံနိုင်ရည်ရှိသော မြန်မာနိုင်ငံ တည်ဆောက်ရန်လည်း အထောက်အကူပြုမည်ဖြစ်ပါသည်။ ။

**References:**

1. United Nations Office for Disaster Risk Reduction (UNDRR). Disaster Risk Reduction Terminology and disaster risk assessment resources. UNDRR — Disaster Risk Reduction

2. Intergovernmental Panel on Climate Change (IPCC). Climate Change 2021: The Physical Science Basis, Chapter 11 — Weather and Climate Extreme Events in a Changing Climate. IPCC — Chapter 11

3. UNDRR. Disaster Forensics. UNDRR — Disaster Forensics

4. UNDRR. Urbanisation: Cities on the Front Line of Disaster Risk Reduction. UNDRR — Urbanisation and Risk Reduction

5. UNDRR. Waves of Change: Urban Resilience Pathways to Flood and Water Scarcity Risk (2026). UNDRR — Waves of Change

■



## ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ဒေသများသို့ သောက်သုံးရေများ ဖြန့်ဝေပေး

**လေးမျက်နှာ အောက်တိုဘာ ၁၁**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် ဒေသခံပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသောသောက်သုံးရေများ ရရှိနိုင်ရန် အောက်တိုဘာ ၉ ရက်က ဖြန့်ဝေပေးလျက်ရှိသည်။

တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ဟင်္သာတခရိုင် ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေါင့်ကြီးကျေးရွာသို့ ကွင်းဆင်း၍ Mobile ရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇင်မာ

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

## လူကြီးမိဘများနှင့် တွေ့ဆုံရာမှာ ယဉ်ကျေးပါ - (၁၁)

မေ



လူမှုအသိုင်းအဝိုင်းတစ်ခုမှာ အချင်းချင်းလေးစားမှုရှိခြင်းက အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် ကိုယ့်ထက် အသက်အရွယ်ကြီးသူများ၊ အတွေ့အကြုံများသူများနဲ့ ဆက်ဆံရာမှာ ယဉ်ကျေးသိမ်မွေ့စွာ ပြုမူနေထိုင်ခြင်းက မြန်မာ့ယဉ်ကျေးမှုရဲ့ မွန်မြတ်တဲ့ အကျင့်စာရိတ္တကို ဖော်ပြပေးတာပါ။

လူကြီးသူမများနဲ့ စကားပြောရာမှာ ရိုရိုသေသေ ပြောဆိုခြင်း၊ သူတို့၏ ဘဝအတွေ့အကြုံနဲ့ အကြံပြုချက်တွေကို သည်းခံနားထောင်ပေးခြင်းတို့က လေးစားမှုကို ပြသတဲ့နည်းလမ်းတွေ ဖြစ်ပါတယ်။ မိမိမှာ မတူညီတဲ့ အမြင်ရှိရင်လည်း ယဉ်ကျေးတဲ့စကားလုံးတွေနဲ့ ဆွေးနွေးတတ်ဖို့ လိုအပ်ပါတယ်။

ယဉ်ကျေးမှုဆိုတာ အသက်အရွယ်အလိုက် ခွဲခြားဆက်ဆံခြင်း မဟုတ်ဘဲ လူတိုင်းကို တန်ဖိုးထားလေးစားခြင်းဖြစ်ပါတယ်။ လူကြီးသူမတွေရဲ့ အတွေ့အကြုံနဲ့ ဗဟုသုတတွေကို တန်ဖိုးထားသလို လူငယ်တွေရဲ့ အတွေးအမြင်အသစ်တွေကိုလည်း နားလည်ပေးနိုင်တဲ့ ဆက်ဆံရေးက ပိုမိုကောင်းမွန်တဲ့ လူမှုဝန်းကျင်ကို ဖန်တီးပေးနိုင်ပါတယ်။

အက်တီကက်ဆိုတာ အပြောအဆိုနဲ့ အပြုအမူတွေထဲမှာ ပေါ်လွင်နေတဲ့ အလေ့အကျင့်ကောင်းများ ဖြစ်ကြပါတယ်။ လူကြီးသူမတွေကို လေးစားတာ၊ ဂရုစိုက်တာနဲ့ နားလည်ပေးတာတွေက မိမိရဲ့ယဉ်ကျေးမှုနဲ့ လူ့တန်ဖိုးကို ဖော်ပြပေးနိုင်တဲ့ အရေးကြီးတဲ့ အကျင့်ကောင်းတွေ ဖြစ်ကြပါတယ်။

## ၂၀၂၆ ခုနှစ် အောက်တိုဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် (၅၄)ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၂ မီလီမီတာမှ ၃၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင်(ခြောက်သွေ့)အခြေအနေနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) (စိုစွတ်) အခြေအနေ အသီးသီးရှိနိုင်ပါသည်။

မိုး/ဇလ

## ၂၀၂၆ ခုနှစ် အောက်တိုဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တစ်ရက်မှ လေးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ငါးရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ရောဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မိုး/ဇလ

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ အပူဒဏ်မြင့်တက်လာမှုအပေါ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇ နာရီက မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့်အဖွဲ့ဝင်များက လူစည်ကားသော ၆၂ လမ်း၊ ၁၁၀ လမ်းဆုံမီးပွိုင့်နှင့် မြနန္ဒာဈေးတို့တွင် ဆောင်ရွက်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲကို အထက (၃၆) ခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်နီနီဆွေက အပူဒဏ်အန္တရာယ်များအကြောင်း၊ အပူဒဏ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများနှင့် ကြိုတင်ကာကွယ်နေထိုင်နည်းနှင့် ဌာနအလိုက် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**အလင်းသစ် (ပြန်/ဆက်)**

## လှည်းကူးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာအုပ်မိတ်ဆက်ပွဲနှင့်စာဖတ်ဝိုင်းကျင်းပ

**လှည်းကူး အောက်တိုဘာ ၁၁**

လှည်းကူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာအုပ်မိတ်ဆက်ပွဲနှင့် စာဖတ်ဝိုင်း အခမ်းအနားကို ယမန်နေ့နံနက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ "ရင်သွေးဖုးငုံ ကလေးစာ ပဒေသာ မဂ္ဂဇင်း" စာအုပ်အား မိတ်ဆက်ရှင်းလင်းကာ လှည်းကူးမြို့နယ် စာရေးဆရာအသင်း အဆောက်အအုံအတွက် အလှူငွေများကို ဦးလင်းလင်းဦးက ပေးအပ်ခဲ့သည်။



ဆက်လက်၍ "ရင်သွေးဖုးငုံ ကလေးစာပဒေသာ မဂ္ဂဇင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာကြသော စာရေးဆရာများကအပြန်အလှန် မေးမြန်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ် (ပြန်/ဆက်)**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၁-၁၀-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက်မြို့ | ၃၈.၈ | ၁၀၁.၈ |
| ၂။ | စစ်ကိုင်းမြို့ | ၃၇.၅ | ၉၉.၅ |
| ၃။ | ညောင်ဦးမြို့ | ၃၇.၀ | ၉၈.၆ |
| ၄။ | မြင်းမူမြို့ | ၃၇.၀ | ၉၈.၆ |
| ၅။ | ကျောက်ဆည်မြို့ | ၃၆.၈ | ၉၈.၂ |
| ၆။ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၆.၆ | ၉၇.၉ |
| ၇။ | ပခုက္ကူမြို့ | ၃၆.၅ | ၉၇.၇ |
| ၈။ | ဇောင်းတူမြို့ | ၃၆.၄ | ၉၇.၅ |
| ၉။ | မန္တလေးမြို့ | ၃၆.၀ | ၉၆.၈ |
| ၁၀။ | ကျောက်ဆည် (လွန်ကျော်) | ၃၆.၀ | ၉၆.၈ |
| ၁၁။ | မင်းဘူးမြို့ | ၃၆.၀ | ၉၆.၈ |
| ၁၂။ | မကွေးမြို့ | ၃၆.၀ | ၉၆.၈ |
| ၁၃။ | ရွှေဘိုမြို့ | ၃၆.၀ | ၉၆.၈ |

ဥတုရာသီ၊ တောကိုမှီ၏။

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာ နေရာသတ်မှတ်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့(၄)

သောင်းသိန်းမြတ်(မွေး/ကု)

**ကိုထွန်းမောင်တစ်ယောက် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးလေးလုပ်ဖို့ တစ်ဝက်လွှတ်ကျောင်းစနစ် ဆိတ်ခြံလေးဆောက်လုပ်ပြီး လက်စသတ်၊ အမောပြေရေနွေးကြမ်းနှင့် လက်ဖက်သုပ်စားနေစဉ် ဒေါက်တာကြီးပြောကြားခဲ့သည့် ဆိတ်ခြံဆောက်လုပ်ခြင်းအပိုင်းများနှင့် ကိုက်ညီမှုရှိရဲ့လားဟု ပြန်လည်သုံးသပ်စဉ်းစားနေမိသည်။**

"မွေးမြူရေးလုပ်ငန်းတွေ အောင်မြင်ဖို့ဆိုတာ မိမိကိုယ်တိုင် မွေးမြူနေရုံနဲ့မပြီးဘဲ မွေးမြူရေးကို တတ်သိနားလည်ကုစားတတ်တဲ့ မိတ်ဆွေဆရာသမားတွေရဲ့ နည်းနာနိဿယတွေကို လိုက်နာခံယူကျင့်သုံးနိုင်မှ ပိုအောင်မြင်မယ်"ဟုလည်း မှတ်သားထားမိသည်။ ထိုစဉ်… ဖြူန်းစားကြီး ရောက်ချလာသည့် ဒေါက်တာကြီးကို တွေ့လိုက်ရသည်။

"ဒေါက်တာကြီး ဆိတ်ခြံထဲ ဝင်နားပါဗျာ။ ကျွန်တော့်ဆီကို သက်သက်ဝင်ခဲ့တာပေါ့။"

"လမ်းလည်းကြုံလို့ရယ် ပြီးခဲ့တဲ့အခေါက်က ဆိတ်ထိန်းသိမ်းစောင့်ရှောက်ခြင်း အပိုင်းလေး ပြီးပြတ်သွားအောင် ဆွေးနွေးပေးချင်လို့လည်း ပါတာပေါ့ဗျာ"

"ကောင်းပါတယ် ဒေါက်တာကြီးရာ။ လက်ဖက်သုပ်လေးစားရင်း ဆွေးနွေးပေးပါဗျ"

" ဆိတ်ငယ်လေးတွေ ထိန်းသိမ်းစောင့်ရှောက်တာဟာ သားခွဲအရွယ် ခြောက်ပတ်သား ပြည့်ရင်တော့ ဆိတ်လတ်အရွယ်ရောက်ပြီလို့ သတ်မှတ်လေ့ရှိကြတယ်။ သားခွဲပြီးစ ဆိတ်ထီးလေးတွေထဲက ဆိတ်သိုးမျိုးအဖြစ် အသုံးမပြုတဲ့ ဆိတ်ထီးလေးတွေအားလုံးကို သင်းကွပ်ပေးဖို့ လိုအပ်ပါတယ်။ သင်းကွပ်ခြင်းအတွက် အကောင်းဆုံးအရွယ်ကတော့ ဆိတ်ငယ်လေး တစ်လသားအရွယ်မှာပဲ ဖြစ်ပါတယ်။ သင်းကွပ်ပေးခြင်းက အခုပြောပြမယ့် အကျိုးကျေးဇူးငါးမျိုးကို ရရှိစေနိုင်ပါတယ်–

- **ညံ့သော မျိုးဆက်များ ဆက်လက်မပြန့်ပွားစေခြင်း၊**
- **အသားပိုမိုနူးညံ့စေခြင်း၊**
- **ကြီးထွားနှုန်း၊ အသားတိုးနှုန်းကောင်းပြီး အသားထွက်နှုန်း ပိုစေခြင်း၊**
- **အသားတွင် ဆိတ်သိုးနံ့ကင်းစင်ခြင်း၊**
- **စိတ်ကို နူးညံ့ပျော့ပျောင်းစေ၍ ထိန်းကျောင်းရ လွယ်ကူခြင်း** တို့ပဲ ဖြစ်ပါတယ်။

သင်းကွပ်တဲ့အခါမှာ နည်းလမ်းနှစ်ခု အသုံးပြုနိုင်ပါတယ်။ ပထမနည်းကတော့ **ဘာဒီဇိုခေါ် သင်းကွပ်တဲ့ ကိရိယာနဲ့ သင်းကွပ်ခြင်းနည်း**နဲ့ ဒုတိယနည်းကတော့ **ခွဲစိတ်ပြီး သင်းကွပ်ခြင်းနည်း** တို့ပဲ ဖြစ်ပါတယ်"

"**ဘာဒီဇိုကိရိယာနဲ့ သင်းကွပ်ခြင်းနည်း**ကတော့ သင်းကွပ်လိုတဲ့ ဆိတ်ငယ်ကိုလှဲပြီး ချုပ်ထိန်းရပါမယ်။ ဆိတ်ငယ်ရဲ့ ဝှေးစေ့နဲ့ ပတ်ဝန်းကျင်ရှိ အညစ်အကြေးတွေ ကင်းစင်စေဖို့ ရေ၊ ဆပ်ပြာတို့နဲ့ ဆေးကြောပေးပြီး တင်ချာအိုင်အိုဒင်း သုတ်လိမ်းပေးရမှာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဝှေးစေ့ကနေလာတဲ့ လိင်ကြောကို လက်နဲ့ ထိန်းကိုင်ထားပြီး ဘာဒီဇိုညှပ်နဲ့ အရေခွံပေါ်မှာ ညှပ်ပေးရမှာ ဖြစ်ပါတယ်။ အချိန် နှစ်မိနစ်၊ သုံးမိနစ်ခန့် ညှပ်ပေးထားပြီးမှ ညှပ်ကို လွှတ်ရပါမယ်။ ပထမလုပ်နည်းအတိုင်းပဲ အခြား ဝှေးစေ့တစ်ဖက်ကိုလည်း ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ညှပ်ရာနှစ်ခု တစ်ဆက်တည်းမဖြစ်စေဖို့နဲ့ မြေပြင်ညီ ညှပ်ထားခြင်းမျိုးမဖြစ်စေဘဲ ခပ်စောင်းစောင်းလေး ညှပ်ထားဖို့ဖြစ်ပါတယ်။ ညှပ်လိုက်လို့ အရာထင်သွားတဲ့ နေရာတွေကိုတော့ အမဲဆီနဲ့ ပဋိဇီဝဆေး ထည့်ပေးခြင်းမျိုးနဲ့ အနာကျက်ပြီး သက်သာပျောက်ကင်းစေနိုင်မှာ ဖြစ်ပါတယ်။"

"**ခွဲစိတ်ပြီး သင်းကွပ်ခြင်း** ပြုလုပ်ပုံကတော့ ပထမဦးစွာ သင်းကွပ်မယ့် ဆိတ်ငယ်လေးရဲ့ ဝှေးစေ့နဲ့ ပတ်ဝန်းကျင်တစ်ဝိုက်ကို ဆပ်ပြာတွေနဲ့ ရေစင်အောင် ဆေးကြောပေးပြီး တင်ချာအိုင်အိုဒင်း ကြိုသုတ်လိမ်းပေးထားရပါမယ်။ အဲဒီနောက် ဝှေးစေ့အပေါ်မှ အရေခွံကို လက်နဲ့ဆွဲ၊ ဓားထက်ထက်နဲ့ ခွဲပြီး ဝှေးစေ့ကို ညှစ်ထုတ်၊ လိင်ကြောကို ဆွဲလိမ်ပြီး ဖြတ်ဖို့ လိုပါတယ်။ ဒီလိုသင်းကွပ်ရာမှာ မလိုအပ်ဘဲ ခွဲတဲ့ အပေါက်မကျယ်ဖို့ လိုအပ်သလို သွေးထွက်မများစေဖို့ လိင်ကြောကို စနစ်တကျလိမ်ပြီး ချည်ထားဖို့ လိုပါတယ်။ ခွဲထားတဲ့နေရာကိုလည်း အမဲဆီနဲ့ ပဋိဇီဝဆေးမှုန့်တွေ တစ်ခါတည်း ထည့်ပေးရမှာဖြစ်ပါတယ်။ ဒါမှ အနာသက်သာပြီး ပျောက်ကင်းသွားမှာ ဖြစ်ပါတယ်"

"စိတ်ဝင်စားဖို့ သိပ်ကောင်းပါတယ်ခင်ဗျာ"

"ဆိတ်လတ်တွေထိန်းသိမ်းစောင့်ရှောက်ခြင်း အပိုင်းကို ဆက်ပြီးပြောပြပေးဦးမယ်။ ဆိတ်ထီးလေးတွေကို တစ်လသားအရောက်မှာ သင်းကွပ်ပေးပြီးနောက် ဆိတ်လတ်လေးတွေဟာ ခြောက်ပတ်သားအရွယ်မှာ သားခွဲလေ့ရှိပါတယ်။ အဲဒီနောက်မှာတော့ ဆက်လက်မွေးမြူထားတဲ့အခါ ဆိတ်မလေးတွေဟာ သက်တမ်းလေးလမှ ရှစ်လအတွင်းမှာ များသောအားဖြင့် အရွယ်ရောက်လေ့ရှိပါတယ်။

"ဆိတ်မငယ်တွေရဲ့ အရွယ်ရောက်ချိန်ဟာ မျိုးရိုး၊ အစားအစာနဲ့ မွေးမြူတဲ့ အရပ်ဒေသ၊ ရာသီဥတုအခြေအနေအပေါ် မူတည်ပါတယ်။ ဒါပေမယ့် သားပေါက်စိတ်ချရခြင်း၊ သားငယ်ကြီးထွားနှုန်း၊ အသားတိုးနှုန်းမြန်ခြင်း၊ နို့ထွက်စံချိန်မီခြင်းတို့အတွက် ဆိတ်မ အသက်တစ်နှစ်ပြည့်ပြီးမှသာ သားတင်၊ သားစပ်ခြင်းဟာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ အသက်အရွယ်ငယ်ငယ်နဲ့ သားစပ်လိုက်ရင် ဆိတ်မဟာ ဆက်လက်မကြီးထွား၊ မဖွံ့ဖြိုးတော့ဘဲ အရွယ်အစား တဖြည်းဖြည်း သေးငယ်သွားတတ်ပါတယ်။ အလားတူပဲ ဆိတ်ထီး (ဆိတ်သိုး) တွေကိုလည်း တစ်နှစ်သားအရွယ်ရောက်ရှိပြီးမှသာ သားစပ်စေချင်ပါတယ်။

"အကျိုးကျေးဇူးကတော့ သားအောင်မြင်မှုများပြီး ကောင်းရေများများ ရရှိနိုင်မှာဖြစ်ပါတယ်။ ဆိတ်မတွေ ပန်းပေါ်မှု (မြိုင်လာမှု)နဲ့ ပတ်သက်ပြီးတော့ အအေးပိုင်းဒေသ တိုင်းပြည်တွေမှာ စက်တင်ဘာလမှ မတ်လအတွင်း မြိုင်ပေါ်တတ်သလို မြန်မာပြည် ရာသီဥတုနဲ့ဆိုရင်တော့ ဆိတ်မတွေဟာ နှစ်ပတ်လည်ပန်းပေါ်တတ်တာကို တွေ့ရှိရပါတယ်။ ဆိတ်မတွေဟာ ပန်းတစ်ခါပေါ်လျှင် တစ်ရက်ခွဲမှ နှစ်ရက်အထိ ကြာတတ်ပါတယ်။ ကျန်းမာတဲ့ ဆိတ်မတွေဆိုရင်တော့ ၂၁ ရက်တစ်ကြိမ် ပန်းပေါ်လေ့ရှိကြပါတယ်။

"ဆိတ်မတွေဟာ ပန်းပေါ်တဲ့အချိန် ကုန်ဆုံးခါနီးမှာဆိုရင် မျိုးဥကြွေကျလေ့ရှိပါတယ်။ အဲဒါကြောင့် သဘာဝနည်းနဲ့ဖြစ်စေ၊ မေထုန်မဲ့နည်းနဲ့ဖြစ်စေ သားစပ်မယ်ဆိုရင် ပန်းစတင်ပေါ်ပြီး နေ့တစ်ဝက် သို့မဟုတ် နောက်တစ်ရက်မှသာ သားစပ်ပေးခြင်းဟာ မျိုးအောင်မြင်မှုရရှိဖို့ အကောင်းဆုံးအချိန်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆိတ်မမြိုင်ပေါ်မှု (ပန်းပြမှု)ကို မွေးမြူသူတွေအနေနဲ့သိရှိထားဖို့ လိုအပ်ပါတယ်။

"ဆိတ်မတွေ ပန်းပေါ်ချိန်တွေမှာ ပြတတ်တဲ့ လက္ခဏာတွေကတော့ ဆိတ်မရဲ့အင်္ဂါစပ်ရောင်ခြင်း၊ မြူးထူးခြင်း၊ ဆိတ်ထီးမှ ခွသော်လည်း လက်ခံခြင်း တို့ပဲ ဖြစ်ပါတယ်။ ဆိတ်မတွေ ပန်းပေါ်လို့ သားတင်ပြီး နောက်တစ်ပတ် ၂၁ ရက်အတွင်း ပြန်လည်စောင့်ကြည့်ဖို့ လိုအပ်ပါတယ်။ ဆိတ်မဟာ ပြန်လည်ပန်းမပေါ် မြိုင်မလာပါက ဆိတ်မ ဇီးရရှိသွားပြီဖြစ်ကြောင်း သိနိုင်ပါတယ်။

"ဆိတ်မတွေရဲ့ ပဋိသန္ဓေရက်ဟာ ရက် ၁၄၀ မှ ၁၆၀ အတွင်းဖြစ်တတ်ပြီး ပျမ်းမျှ ရက် ၁၅၀ ဖြစ်ပါတယ်။ ဆိတ်ကို နောက်တစ်ကြိမ် ပြန်လည်သားတင်သားစပ်မှုကိုတော့ မွေးမြူတဲ့ ရည်ရွယ်ချက်အပေါ်မှာ မူတည်မှာဖြစ်ပါတယ်။ တကယ်လို့ နို့စားဆိတ်ဖြစ်ပြီး နို့ရရှိမှုကို အဓိကထားပါက ဆိတ်မလေး မွေးပြီးနောက် ဆိတ်ထီးနဲ့ ခွဲထားပြီး နို့ညှစ်ယူနိုင်မှာဖြစ်တယ်။ ဆိတ်နို့လျော့ကျသွားပြီး သားလိုတဲ့အချိန်မှာ ဆိတ်ထီးနဲ့ ပြန်ပြပြီး သားစပ်ရမှာဖြစ်ပါတယ်။

"အသားစားဆိတ်များမှာတော့ တစ်နှစ်လျှင် နှစ်သား တစ်ဗိုက်ရရှိအောင်လည်း သားစပ်လို့ရပါတယ်။ သားတင်လို့ ငါးလခြောက် ၁၅၀ ရက်ခန့်မှာ ပထမသားကို ရမှာဖြစ်ပြီး သားမွေးပြီး နှစ်ပတ်အကြာမှာ ပန်းစပေါ်ပါတယ်။ အဲဒီအချိန်မှာ သားပြန်စပ်ပါက ငါးလအကြာမှာ ဒုတိယသားမွေးပြီး ပထမဆုံးအကြိမ်ပေါ်တဲ့ ပန်းမှာ ပြန်သားတင်ရင် နှစ်ဆုံးချိန်မှာ ပဋိသန္ဓေရပြီးဖြစ်မှာကို တွေ့ရှိရမှာဖြစ်တယ်။ ဒါကြောင့် တစ်နှစ်အတွင်း နှစ်သား တစ်ဗိုက် ရရှိနိုင်တာလို့ ပြောဆိုကြတာ ဖြစ်ပါတယ်"

"ဆိတ်ထီးတွေ ထိန်းသိမ်းစောင့်ရှောက်ခြင်း အပိုင်းကို ဆက်ပြောပြပေးဦးမယ်။ လိုက်သာမှတ်သားထားပေတော့"

"အသေအချာ စာရေးပြီးတော့ လိုက်မှတ်နေပါတယ် ခင်ဗျာ"

"ဆိတ်မွေးမြူရေးမှာ ဆိတ်ထီးဟာ မျိုးကောင်းဖို့ အရေးကြီးပါတယ်။ ဆိတ်ထီးမျိုးကောင်းပါမှ ဆိတ်အုပ်မှာရှိတဲ့ ပေါက်ဖွားလာမယ့် ဆိတ်ငယ်တွေ မျိုးကောင်းမှာဖြစ်တယ်။ ဆိတ်ထီးမျိုးကောင်းဖို့ လိုအပ်သလို စနစ်တကျ ပြုစုထိန်းသိမ်းစောင့်ရှောက်ဖို့လည်း လိုအပ်တယ်။ မျိုးကောင်းတဲ့ ဆိတ်ထီးရဲ့ နံ့ရိုးတွေဟာ သာမန်အားဖြင့် တောင့်တင်းပြီး နောက်ပိုင်းကို ကျယ်သွားတတ်ကြတယ်။ အသားအရေကောင်းမွန်ပြီး အမွေးတွေ နူးညံ့တောက်ပြောင်နေတတ်တယ်။ ဆိတ်သိုးတွေကိုလည်း အခြားဆိတ်တွေနည်းတူ တစ်နေ့ကို အစာနှစ်ကြိမ် ကျွေးရပါမယ်။ မိတ်လိုက်ချိန်တွေမှာတော့ အစာစားနည်းပြီး ခန္ဓာကိုယ်ကျဆင်းတတ်တာမို့ အာဟာရပြည့်ဝတဲ့ အစာတွေ ဖြည့်စွက်ကျွေးမွေးဖို့ လိုအပ်ပါတယ်။

"အစာစိမ်း၊ အစာနု၊ မြက်ခြောက်အပြင် သကာရည်တို့ကိုပါ ဖြည့်စွက်ကျွေးမွေးသင့်ပါတယ်။ ဆိတ်ထီးတွေဟာ အသက်ငါးနှစ်ကျော်လာတဲ့အခါ အသားအရေဟာ တင်းမာလာတတ်တယ်။ အဲဒီအခါမျိုးမှာ ရေနွေး၊ ဆပ်ပြာဖြင့် ပွတ်တိုက်ရေချိုးပေးပြီး မာနေတဲ့ သားရေပိုင်းကို ၅ ရာခိုင်နှုန်း ကာဘော်လစ်နဲ့ လူးပေးခြင်း၊ ဆီသုတ်လိမ်းပေးခြင်းဖြင့် ဆိတ်ထီးရဲ့ အသားအရေများကို ပြန်လည်နူးညံ့ပျော့ပျောင်းလာစေမှာဖြစ်ပါတယ်။ မျိုးဆိတ်သိုးတွေကို အဆောက်အအုံနဲ့ စနစ်တကျထားရှိခြင်း၊ အစာစနစ်တကျ ကျွေးမွေးခြင်း၊ ရောဂါကာကွယ်ဆေး အချိန်မှန်ထိုးပေးပြီး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

"ဒီနေ့တော့ ဒီလောက်ပါပဲ ကိုထွန်းမောင်ရေ။ နောက်တစ်ပတ်မှ ဆိတ်တွေကို အမှတ်အသားပြုလုပ်ခြင်း၊ မှတ်ပုံတင်ထားရှိခြင်း စတဲ့အကြောင်းအရာတွေကို ဆက်လက်ဆွေးနွေးပေးပါဦးမယ်။ နေလည်းအတော်စောင်းနေပြီဆိုတော့ ပြန်လိုက်ပါဦးမယ်"

"အခုလို ဆိတ်မွေးမြူရေးနဲ့ပတ်သက်လို့ အသိပညာတွေ မျှဝေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ရွာလယ်လမ်းမဘက်သို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်သော ဒေါက်တာကြီးအား ဂုဏ်ယူစွာငေးကြည့်ရင်း နောက်တစ်ကြိမ် ဆက်လက်ဆင့်ပွားမျှဝေလာမည့် ဆိတ်မွေးမြူရေးနှင့် ပတ်သက်သော အကြောင်းအရာများကို လိုက်နာဆောင်ရွက်နိုင်ရန် ငံ့လင့်နေမိပါတော့သည်။ ။

> **"ဆိတ်မွေးမြူရေးမှာ ဆိတ်ထီးဟာ မျိုးကောင်းဖို့ အရေးကြီးပါတယ်။ ဆိတ်ထီးမျိုးကောင်းပါမှ ဆိတ်အုပ်မှာရှိတဲ့ ပေါက်ဖွားလာမယ့် ဆိတ်ငယ်တွေ မျိုးကောင်းမှာဖြစ်တယ်။ ဆိတ်ထီးမျိုးကောင်းဖို့ လိုအပ်သလို စနစ်တကျ ပြုစုထိန်းသိမ်းစောင့်ရှောက်ဖို့လည်း လိုအပ်တယ်။ မျိုးကောင်းတဲ့ ဆိတ်ထီးရဲ့ နံ့ရိုးတွေဟာ သာမန်အားဖြင့် တောင့်တင်းပြီး နောက်ပိုင်းကို ကျယ်သွားတတ်ကြတယ်။ အသားအရေကောင်းမွန်ပြီး အမွေးတွေ နူးညံ့တောက်ပြောင်နေတတ်တယ်။ ဆိတ်သိုးတွေကိုလည်း အခြားဆိတ်တွေနည်းတူ တစ်နေ့ကို အစာနှစ်ကြိမ် ကျွေးရပါမယ်။ မိတ်လိုက်ချိန်တွေမှာတော့ အစာစားနည်းပြီး ခန္ဓာကိုယ်ကျဆင်းတတ်တာမို့ အာဟာရပြည့်ဝတဲ့ အစာတွေ ဖြည့်စွက်ကျွေးမွေးဖို့ လိုအပ်"**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
## လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် –

| စဉ် | ရာထူး/လစာနှုန်း | အနိမ့်ဆုံးပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | နည်းပြ<br>၂၁၆၀၀၀ – ၂၀၀၀<br>– ၂၂၆၀၀၀ | သက်ဆိုင်ရာဘာသာရပ်တွင် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး၊ သင်ကြားရေးလုပ်ငန်းကို စိတ်ပါဝင်စားသူ | ၁၆ |
| | သမဝါယမပညာဌာန | | (၂) နေရာ |
| | စာရင်းအင်းပညာဌာန | | (၃) နေရာ |
| | ဘောဂဗေဒဌာန | | (၂) နေရာ |
| | ဝါဏိဇ္ဇဗေဒဌာန | | (၂) နေရာ |
| | စီမံခန့်ခွဲမှုပညာဌာန | | (၂) နေရာ |
| | မြန်မာစာဌာန | | (၁) နေရာ |
| | အင်္ဂလိပ်စာဌာန | | (၂) နေရာ |
| | ICT ဌာန | | (၂) နေရာ |
| (ခ) | **အငယ်တန်းစာရေး**<br>၁၈၀၀၀၀ – ၂၀၀၀<br>– ၁၉၀၀၀၀ | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ | ၄ |
| (ဂ) | **ဒု-လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး**<br>၁၈၀၀၀၀ – ၂၀၀၀<br>– ၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူ | ၃ |
| (ဃ) | **စာရင်းကိုင်-၄**<br>၁၈၀၀၀၀ – ၂၀၀၀<br>– ၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခု ရရှိပြီး စာရင်းရေး၊ စာရင်းကိုင် လုပ်ငန်းအတွေ့အကြုံရှိသူ | ၃ |
| (င) | **ယာဉ်မောင်းစက်ပြင်(၅)**<br>၁၆၂၀၀၀ – ၂၀၀၀<br>– ၁၇၂၀၀၀ | အခြေခံပညာမူလတန်းအဆင့်ရှိပြီး ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီး ယာဉ်ပြင်ဆင်ခြင်းလုပ်ငန်း အတွေ့အကြုံရှိသူ | ၃ |
| (စ) | **ရုံးအကူ**<br>၁၄၄၀၀၀ – ၂၀၀၀<br>– ၁၅၄၀၀၀ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ | ၄ |
| (ဆ) | **စာပို့**<br>၁၄၄၀၀၀ – ၂၀၀၀<br>– ၁၅၄၀၀၀ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ | ၁ |
| (ဇ) | **သန့်ရှင်းရေးအကူ**<br>၁၄၄၀၀၀ – ၂၀၀၀<br>– ၁၅၄၀၀၀ | မြန်မာစာရေးတတ်ဖတ်တတ်သူ | ၁၀ |
| (ဈ) | **အစောင့်**<br>၁၄၄၀၀၀ – ၂၀၀၀<br>– ၁၅၄၀၀၀ | မြန်မာစာရေးတတ်ဖတ်တတ်သူ | ၁၀ |

၂။ လျှောက်ထားသူသည် –
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အပိုဒ်(၁) အမှတ်စဉ်(က)၊ (ခ)၊ (ဂ)နှင့် (ဃ)ပါ ရာထူးနေရာများအတွက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် အသက် (၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ အမှတ်စဉ် (က)အတွက် Ph.D ရရှိသူဆိုပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ ဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် နေ့စား ဝန်ထမ်းများအတွက် အသက်သတ်မှတ်ချက်အား သီးခြားသတ်မှတ်ပေးမည် ဖြစ်သည်။
